# သခင်ဘသောင်း၏ပြဇာတ်များမှ ဇာတ်လမ်း၊ ဇာတ်ဆောင်ဖန်တီးမှုနှင့် အပြောအခန်းကဏ္ဍ

ငွေထိုက်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေ ကဏ္ဍလာ သခင်ဘသောင်း၏ ပြဇာတ်များမှ ဇာတ်လမ်း၊ ဇာတ်ဆောင် ဖန်တီးမှုနှင့် အပြောအခန်းကဏ္ဍကို လေ့လာထားခြင်း ဖြစ်သည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ သခင်ဘသောင်း၏ ပြဇာတ်လက်ရာတို့ကို သိစေလိုခြင်း ဖြစ်ပါသည်။ အလေ့လာခံအဖြစ် သခင်ဘသောင်း၏ ဆရာဝန်ပါပဲ ပြဇာတ်၊ တိုင်းပြည်ရန်သူပြဇာတ်တို့ကို လေ့လာထားပါသည်။ သခင်ဘသောင်း၏ ပြဇာတ်များကို ခေတ်သစ်ပြဇာတ်တို့၏ သဘောသဘာဝ နည်းအတိုင်း လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာရာတွင် ပြဇာတ်စာပေနှင့် ပြောစကားပုံစံအမျိုးမျိုး၊ ပြဇာတ်တွင် အသုံးပြုသော ပြောစကားပုံစံများ၊ ပြဇာတ်၏ ဇာတ်လမ်းနှင့် ဇာတ်ဆောင် ဖန်တီးမှုသဘော၊ သခင်ဘသောင်း၏ ပြဇာတ်များမိတ်ဆက်၊ သခင်ဘသောင်း၏ ပြဇာတ် များမှ ဇာတ်လမ်းဖန်တီးမှုနှင့် အပြောအခန်းကဏ္ဍ၊ သခင်ဘသောင်း၏ ပြဇာတ်များမှ ဇာတ်ဆောင်ဖန်တီးမှုနှင့် အပြောအခန်းကဏ္ဍဟူ၍ အပိုင်းများခွဲကာ တင်ပြထားပါသည်။ သခင်ဘသောင်း၏ ပြဇာတ်များကို လေ့လာ တင်ပြထားခြင်းဖြင့် ခေတ်အခြေ အနေနှင့် ပြဇာတ်ဖန်တီးမှုများကို လေ့လာသူတို့အတွက် အကျိုးကျေးဇူးများစွာရရှိ နိုင်မည်ဖြစ်ပါသည်။

သော့ချက်ဝေါဟာရ – ပြောစကားပုံစံအမျိုးမျိုး၊ ပြဇာတ်တွင် အသုံးပြုသော ပြောစကား၊ ပုံစံများ၊ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ အပြောစကားများ

## ၁။ သခင်ဘသောင်း၏အတ္ထုပ္ပတ္တိအကျဉ်း

သခင်ဘသောင်းသည် မကွေးခရိုင် နတ်မောက်မြို့နယ် ဖုံကုန်းရွာဇာတိဖြစ်သည်။ ၁၂၆၂ ခုနှစ် တပိုတွဲလပြည့်ကျော် (၅) ရက် ကြာသပတေးနေ့တွင် နန်းတွင်း လက်ဖက်ရည်တော် ဦးမြစ်နှင့် ဒေါ်လေးခင်တို့မှ ဖွားမြင်ခဲ့သည်။ သခင်ဘသောင်းသည် မွေးချင်း (၄) ယောက် အနက် ဒုတိယမြောက် သားဖြစ်သည်။ သခင်ဘသောင်းသည် တောင်တွင်းကြီး ဗိမာန်ကျောင်း၊ မြို့သစ်ဆရာဦးစိုးမင်း၏ တိုင်းရင်းမြန်မာ မူလတန်းကျောင်း၊ တောင်တွင်းကြီး အစိုးရအလယ်တန်းကျောင်း၊ မန္တလေး ဗုဒ္ဓသာသန နုဂ္ဂဟအထက်တန်း ကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဆယ်တန်းကျောင်းသားဘဝတွင် ပထမကျောင်းသားသပိတ်မှာ ခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ပြီး ကျောင်းမှထွက်ခဲ့သည်။ ကျောင်းသားဘဝတွင် စတုတ္ထတန်း၌ မကွေးခရိုင်တွင် ပထမရသည့်အတွက် ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရ သည်။ သတ္တမတန်းတွင် ပညာသင်ဆု (စကောလားရှစ်) ရသည်။ ၁၉၁၉ ခုနှစ်တွင် ဦးထွန်းရှိန်က ကူညီစောင့်ရှောက်ခဲ့သည့်အလျှောက် ဝံသာနုစိတ်ဓာတ် အမွေရခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဒိုင်အာခီအုပ်ချုပ်ရေးအတွက် မြန်မာနိုင်ငံသို့လာသော ဝှိုက်ကော်မတီကို ကန့်ကွက်သည့်အတွက် ထောင်ကျသည်။ ၁၉၂၂ ခုနှစ် နယ်နှင်ဒဏ် ခံရသူထဲတွင် သခင်ဘသောင်း ပါဝင်ခဲ့သည်။ အမိန့်ဖီဆန်မှုဖြင့် ထောင်ကျခဲ့သည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်

သခင်ဘသောင်းသည် မန္တလေး၊ ရွှေဘို၊ ပုသိမ်မြို့များရှိ အမျိုးသားကျောင်း များတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၄-၂၅ ခုနှစ်တွင် နယူးဘားမား သတင်းစာ၌ လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၉-၃၀ တွင် "ကမ္ဘာ့ရာဇဝင်ချုပ်" အမည်ဖြင့် မြန်မာဘာသာပြန်ဆိုသည့်အတွက် ဝေလမင်းသားဆု ချီးမြှင့်ခံရသည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ဘာသာပြန်နည်းပြဆရာအဖြစ် တစ်နှစ်ခန့်ဆောင်ရွက်ခဲ့သည်။ သခင်ဘသောင်း သည် ၁၉၂၈ ခုနှစ်မှ စတင်၍ ကလောင်အမည်ကို "သခင်ဘသောင်း" အမည်ဖြင့် စတင်သုံးစွဲ ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဒိုင်အာခီဥပဒေပြုလွှတ်တော် အမတ်လောင်းအဖြစ် တရားဟောခဲ့ရာ ထောင်ကျခဲ့သည်။ ထောင်ထဲတွင် အစာငတ်ခံဆန္ဒပြခဲ့သည်။ သခင်ဘသောင်းသည် နိုင်ငံရေးလုပ်ရင်း စာများ ရေးသားခဲ့သည်။ ပြင်သစ်စာရေးဆရာ မော်လယ်၏ Le Modecin Malgre Lui ကို မှီငြမ်း၍ "ဆရာဝန်ပါပဲ" ပြဇာတ်ရေးသားခဲ့သည်။ အမှီးဝတ္ထုအဖြစ် ပန်းသာမစာဥဝတ္ထုနှင့် တစ်ထောင့်တစ်ည ပုံပြင်များ ကိုလည်း ဘာသာပြန်ခဲ့သည်။ သခင်ဘသောင်းရေးသားခဲ့သော စာပေများမှာ ရေနံ ဝတ္ထု၊ အဖေ့အမွေပြဇာတ်၊ အမေလေး၊ ခြေလေးချောင်းတော်လှန်ရေး၊ မျက်မမြင် တိုင်းပြည်၊ ဒေးဗစ်ကော့ပါဖီး၊ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်၊ ကော်ဇောတော်နှင့် ဗေဒင်ပညာရှိ၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ နေပြိုင်သူရဲ၊ ဗမာ့ဒုန်းယာဉ်၊ ဒီမိုကရေစီဆိုတာ၊ ဗိုလ်တင်းပုတ်ပြည်ဝင်၊ ဗုဒ္ဓ၏စကြဝဠာတရား စသည်တို့ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် စာပေဗိမာန်က ကျင်းပသော ဘာသာပြန်စာပေ နှီးနှော ဖလှယ်ပွဲ၌ "ဘာသာပြန်သူ တစ်ဦး၏ အတွေ့အကြုံနှင့်ထင်မြင်ချက်များ" စာတမ်းကိုတင်သွင်းခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ပြန်ကြားရေးဌာန အသံလွှင့်ရုံ၌ အမှုထမ်းသည်။ ပြန်ကြားရေး ဌာနတွင် စာပေစိစစ်ရေးမှူးအဖြစ် ဆောင်ရွက်သည်။ ကာကွယ်ရေး ဝန်ကြီးဌာန လူမှုဆက်ဆံရေးတပ်က ထုတ်ဝေသော "မြန်မာနှင့်ကမ္ဘာ" စာစောင် တွင်လည်း အယ်ဒီတာ အဖြစ်ဆောင်ရွက်သည်။ ၁၉၆၅ ခုနှစ်ကစ၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်တွင် ဖွင့်လှစ်သော စာပြုသင်တန်းများတွင် ဘာသာပြန်ဆို ရေးသားမှုကို သင်ကြားပို့ချခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက ချီးမြှင့်သော နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိခဲ့သည်။

သခင်ဘသောင်းသည် ၁၃၄၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၂) ရက် ၁၉၈၁ ခုနှစ်၊ ဧပြီလ (၂၁) ရက်တွင် ကွယ်လွန်သည်။[၁]

## ၂။ ပြဇာတ်စာပေနှင့် ပြောစကားပုံစံအမျိုးမျိုး

ပြဇာတ်သည် ရသစာပေထဲတွင် ပါဝင်ပြီး သရုပ်ဖော်ကပြနိုင်ရန် ရည်ရွယ်၍ ရေးသား ထားသော စာပေတစ်ရပ်ဖြစ်သည်။ သရုပ်ဖော်ကပြမှုကို အခြေခံသော စာပေတစ်ရပ် ဖြစ်သဖြင့် ဇာတ်ဆောင်တို့၏ ပြောစကားများကိုသာ အားပြုရေးသား ရပါသည်။

ပြဇာတ်စာပေ၏သဘောကို ပြဇာတ်ဝေါဟာရ အဘိဓာန်၌ –

**"ပြဇာတ်ဆိုသည်မှာ အချီအချ ပြောစကားပုံသဏ္ဌာန်ဖြင့် ရေးသား ထားသော စာပေတစ်ရပ် ဖြစ်ပြီး ကပြအသုံးတော်ခံရန်**

---

၁ ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၂၊ ၃၈၂-၃၈၄။

**ရည်ရွယ်သည်။ ပြဇာတ်သည် ဇာတ်ခုံပေါ်တွင် ကပြသည့်အခါ မှသာ အသက်ဝင်လာမည် ဖြစ်သည်။"[၁]**

ဟူ၍ ဖော်ပြခဲ့သည်။

စာပေဝေါဟာရ အဘိဓာန်တွင်လည်း ပြဇာတ်စာပေ၏ သဘောကို –

**"ယေဘုယျအားဖြင့် ပြဇာတ်ဆိုသည်မှာ ဇာတ်ခုံပေါ်တွင် ဇာတ်ဆောင်များဖြင့် ပရိသတ်ကို ကပြဖျော်ဖြေနိုင်ရန်အတွက် အချီအချပြောစကားကို အသုံးပြုပြီး ရေးသားထားသည့် စာပေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ပြဇာတ်၏ အဓိကပုံသဏ္ဍာန်မှ သရုပ်ဆောင်များသည် ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်ဆောင်များအဖြစ် သရုပ်ဆောင်ခြင်းနှင့် ၎င်းသရုပ်ဆောင်ချက်များဖြင့် ဇာတ်လမ်းကို ရွှေ့လျားစေခြင်းဖြစ်သည်။"[၂]**

ဟူ၍ ဖော်ပြခဲ့ပါသည်။

ထို့ကြောင့် ပြဇာတ်စာပေသည် ပြောစကားပုံစံ အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော သရုပ်ဖော် တင်ဆက်မှုနှင့် ပေါင်းစပ်ထားသော စာပေပုံသဏ္ဍာန်တစ်ခုပင် ဖြစ်ပါသည်။

## ၂။ ၁။ ပြဇာတ်တွင် အသုံးပြုသော ပြောစကားပုံစံများ

ပြဇာတ်သည် ပြောစကားအပေါ် အခြေပြုထားသည့် အနုပညာတစ်ရပ် ဖြစ်သည်။ ပြဇာတ်တွင် အဓိကအသုံးပြုသော ပြောစကားပုံစံ နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ ဇာတ်ဆောင်တို့၏ ပြောစကားပုံစံနှင့် ပြဇာတ်ဆရာ၏ **ဇာတ်ခုံညွှန်း ပြောစကား**[၃] တို့ဖြစ်သည်။

ဇာတ်ဆောင်တို့၏ ပြောစကားတွင် **အချီအချပြောစကား**[၄]နှင့် **တစ်ဦးတည်း ပြောစကား**[၅] ဟူ၍ နှစ်မျိုးခွဲနိုင်ပါသည်။ နှစ်ဦးသို့မဟုတ် နှစ်ဦးထက်ပိုသော ဇာတ်ဆောင် များကြားတွင် ပြောသော စကားသည် အချီအချစကားဖြစ်သည်။ အချီအချ စကားသည် ပြဇာတ်၊ ဇာတ်လမ်းရွှေ့လျားမှုရှိအောင် ပြုလုပ်ပေးနိုင်ရုံ သာမက ဇာတ်ဆောင်တို့၏ အရည်အသွေး၊ လူနေမှုအဆင့်အတန်း၊ စရိုက်သဘာဝ များကို ဖော်ပြနိုင်ပေသည်။[၆]

ပြဇာတ်တွင် အသုံးပြုသော ဇာတ်ဆောင်တစ်ဦးတည်း ပြောစကားများ သည်လည်း ဇာတ်လမ်း၊ ဇာတ်ကွက်ကို ထောက်ပံ့ပေးနိုင်ရုံမျှမက ဇာတ်ဆောင် စရိုက်သဘာဝ၊ စိတ်ခံစားချက် များကို ဖော်ပြနိုင်ပါသည်။ ဇာတ်ဆောင်တစ်ဦးတည်း ပြောစကားနှစ်မျိုး ရှိပါသည်။ ပထမအမျိုးအစား သည် ဇာတ်ဆောင်၏ အတွေးအခေါ်၊ အကြံအစည်သက်သက်ကို ဖော်ပြသော စကားဖြစ်သည်။

---

၁ Mobley, 1998, 43

၂ Morner and Rousch, 1988, 58

၃ stage direction

၄ dialogue

၅ monologue

၆ Morner and Rausch, 1998, 55

ပြဇာတ်ဆရာများသည် ဇာတ်ဆောင်၏ ကိုယ်နှုတ်နှလုံး အမူအရာများကို သိရှိနိုင်စေရန် ဇာတ်ဆောင် တစ်ဦးတည်း ပြောစကားကို အသုံးပြုပါသည်။ ဇာတ်ခုံပြင်ပတွင် ဖြစ်ပျက်ခဲ့သည့် အရာများကို ဖော်ပြရန်အတွက်ဖြစ်စေ၊ ဇာတ်လမ်း အတွက် အရေးပါသည့် ဖြစ်ရပ် များကို ဖော်ပြရန်အတွက်ဖြစ်စေ တစ်ဦးတည်းပြောစကားကို အသုံးပြုပါသည်။ ဒုတိယ အမျိုးအစားသည် ဇာတ်ဆောင်တစ်ဦးတည်းမှ ပရိသတ် ကြားအောင် ပြောကြားသော စကားဖြစ်ပြီး သူ၏ပြောစကားများကို အခြားဇာတ်ဆောင် များ ကြားနိုင်စွမ်းမရှိသည့် စကားမျိုးဖြစ်သည်။

ပြဇာတ်စာပေ၌ တွေ့ရသော ဇာတ်ခုံညွှန်းစကားသည် ဒါရိုက်တာ၊ သရုပ် ဆောင်နှင့် စာဖတ်သူတို့အတွက် ရည်ရွယ်ရေးသားထားခြင်းဖြစ်ပြီး စာလုံးစောင်း သို့မဟုတ် ဝိုက်ကွင်းဖြင့် ဖော်ပြလေ့ရှိသည်။[၁] ဇာတ်ခုံညွှန်း စကားများသည် ပြဇာတ်၏ ဇာတ်လမ်း၊ ဇာတ်ကွက်ကို ထောက်ပံ့မှုပေးနိုင်မည်ဖြစ်သကဲ့သို့ ဇာတ်ဆောင်တို့၏ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာ၊ အသက်အရွယ်၊ လှုပ်ရှားမှု အမူအရာ၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးစသော အချက်များကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်ပါသည်။[၂]

ထို့ကြောင့် ပြဇာတ်စာပေတွင် ဇာတ်လမ်း၊ ဇာတ်ဆောင် ဖန်တီးမှုတွင် ပြောစကားသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်ဟု ယူဆမိပါသည်။

## ၂။ ၂။ ပြဇာတ်၏ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ဖန်တီးမှုသဘော

အရစ္စတိုတယ်၏ ပြဇာတ်အင်္ဂါရပ် ၆-ရပ်တွင် ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့သည်လည်း အရေးပါသော အစိတ်အပိုင်းများအဖြစ် ပါဝင်နေပေသည်။ ထို့ပြင် **ဇာတ်ကြောင်းပြောစာပေ**[၃] အားလုံး၌ ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် မရှိမဖြစ် ပါဝင်နေသည့် အင်္ဂါရပ်များဖြစ်သည်။ သို့သော် ပြဇာတ်၌ တွေ့ရသော ဇာတ်လမ်းနှင့် ဇာတ်ဆောင်ဖန်တီးမှုသည် အခြားသော ဇာတ်ကြောင်းပြော စာပေပုံသဏ္ဌာန်များနှင့် ကွဲပြားနေပါသည်။ **ဇာတ်ကြောင်းစာပေ အမျိုးအစား**[၄] တစ်ခုဖြစ်သော ဝတ္ထုတွင် ဇာတ်လမ်းဖန်တီးရာ၌ ရှုထောင့် အမျိုးမျိုးမှ ဖန်တီးနိုင်ပါသည်။ စာရေးသူကိုယ်တိုင် ဇာတ်လမ်းထဲတွင် ပါဝင်သော **ပထမပုဂ္ဂိုလ် ရှုထောင့်**[၅] မှ ဖန်တီးရေးသားနိုင်သကဲ့သို့ ဇာတ်လမ်းအပြင်ဘက်မှနေသော **တတိယပုဂ္ဂိုလ် ရှုထောင့်မှ**[၆] ဖန်တီးရေးသားနိုင် ပါသည်။ ၎င်းအပြင် ဇာတ်ဆောင်တို့၏ ပြောစကားများဖြင့် ဇာတ်လမ်းဖန်တီးနိုင်သကဲ့သို့ စာရေးဆရာကိုယ်တိုင်၏ ပြောစကားဖြင့် ဇာတ်လမ်းဖန်တီး နိုင်သည်။ ထို့အတူ ဇာတ်ဆောင် ဖန်တီးရာတွင်လည်း ဇာတ်ဆောင်တို့၏ ပြောစကားများဖြင့် သာမက စာရေးဆရာ၏ ဇာတ်ကြောင်း ပြောစကားဖြင့် ဖန်တီးနိုင်ပေသည်။

[၁] Morner and Rausch, 1998, 210.

[၂] Kirszner and Mandell, 1994, 1415.

[၃] normative literature

[၄] normative genre

[၅] First person point of view

[၆] Third person point of view

ပြဇာတ်သည် ဖတ်ရှုရန်ထက် ကပြရန်ရည်ရွယ်ပြီး ဇာတ်ခုံအတတ်ပညာဖြင့် ပေါင်းစပ်ရေးသားထားသော စာပေတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဇာတ်လမ်း ဖန်တီး ရာတွင် ပြဇာတ်ဆရာသည် ဇာတ်ကြောင်းပြောသူအဖြစ် ဝင်ရောက်ပြောဆိုနိုင်ခွင့် မရှိပေ။ ဇာတ်လမ်းတွင် ပါဝင်သော ဇာတ်ဆောင်တို့၏ ပြောစကားပုံစံ အမျိုးမျိုးဖြင့်သာ ဇာတ်လမ်းဖြစ်စဉ် တိုးတက်မှုရှိအောင် ပြုလုပ်ရပါသည်။ တစ်ခါတစ်ရံ ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်း ပြောစကားများဖြင့် ဇာတ်လမ်း ဖန်တီးမှုကို ထောက်ပံ့ပေးလေ့ရှိသည်။ ထို့အတူ ဇာတ်ဆောင်ဖန်တီးရာတွင်လည်း ဇာတ်ဆောင်တို့၏ ပြောစကားအမျိုးမျိုးဖြင့်သာ ဖန်တီး ခွင့်ရှိသည်။ ဇာတ်ဆောင်တို့၏ အပြော၊ အဆို၊ အနေအထိုင်၊ အမူအရာတို့ကို ညွှန်ကြား ပေးသည့် ဇာတ်ခုံညွှန်းစကားများကလည်း ဇာတ်ဆောင်ဖန်တီးမှုကို သွယ်ဝိုက်သော နည်းဖြင့် ပံ့ပိုးပေးနေကြောင်း တွေ့ရပါသည်။

သို့ဖြစ်၍ ပြဇာတ်စာပေတစ်ခု ရုပ်လုံးပေါ်လာရေးတွင် အပြော၏ အခန်းကဏ္ဍ သည် အရေးပါကြောင်း တွေ့မြင်ရပေသည်။

## ၃။ သခင်ဘသောင်း၏ ပြဇာတ်များမှဇာတ်လမ်း၊ ဇာတ်ဆောင် ဖန်တီးမှုနှင့်အပြော အခန်းကဏ္ဍ

သခင်ဘသောင်း (၁၉၀၁-၁၉၈၁) သည် မြန်မာစာပေ၌ ထင်ရှားသော အမှီး ဝတ္ထု (ပန်းသာ မစာဥ) နှင့် အမှီးပြဇာတ်များ ရေးသားခဲ့ပါသည်။ ဆရာကြီး ရေးသား ခဲ့သော "ဆရာဝန်ပါပဲ" ပြဇာတ်နှင့် "တိုင်းပြည်ရန်သူပြဇာတ်" တို့သည် မြန်မာ ခေတ်သစ် ပြဇာတ်စာပေ ဖြစ်ထွန်းလာရေးအတွက် အဓိကအထောက်အကူ ပြုခဲ့ပေသည်။

"ဆရာဝန်ပါပဲ" ပြဇာတ်သည် ပြင်သစ် စာရေးဆရာ မိုးလျဲ၏ Le Modecin Malgrelui ပြဇာတ်ကို မြန်မာမှုပြု ဖန်တီးထားခြင်းဖြစ်သည်။ ပြဇာတ်တွင် အဓိက ဇာတ်ဆောင် မောင်ဖိုးထူးကို အခြေပြုပြီးလျှင် လူ့ဘဝ၏ အဆီအငေါ်မတည့်ပုံများ၊ အသိဉာဏ်ခေါင်းပါးသူတို့ တလွဲတချော် ပြုလုပ်တတ်ပုံများကို သရော်သံစွက်ပြီး ရေးသား ထားသည်။ ထင်းခုတ်သမား မောင်ဖိုးထူးနှင့် ဇနီးမဂျမ်းဒုတ်တို့သည် တကျက်ကျက် ရန်ဖြစ် နေသည့် လင်မယားဖြစ်သည်။ ရန်ဖြစ်တိုင်း မောင်ဖိုးထူးက မဂျမ်းဒုတ်ကို ရိုက်နှက်ဆုံးမ လေ့ရှိသည်။ တစ်နေ့တွင် မဂျမ်းဒုတ်သည် လက်စားချေသည့်အနေဖြင့် မိမိခင်ပွန်း ဖြစ်သူသည် ဆရာဝန်တစ်ဦးဖြစ်ကြောင်း၊ သို့သော် ရိုက်နှက်ပြီး ဆေးကုခိုင်းမှသာ ဆေးကုပေး လေ့ရှိကြောင်း ဆရာဝန်အရှာထွက်လာသည့် မောင်ဖိုးချိန်နှင့် မောင်ရွှေအပ်ကို ပြောသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မောင်ဖိုးထူး ထင်းခုတ်ရာသို့ လိုက်သွားပြီး ဆရာဝန် ဖြစ်ကြောင်း ရိုက်နှက်ဝန်ခံခိုင်းသည်။ တစ်ဖန် မောင်ဖိုးထူးကို ဦးတာတေထံ ခေါ်သွားသည်။ အမှန်စင်စစ် မညိုစိမ့်သည် မိမိချစ်သူ မောင်ရွှေအုံးနှင့် ဖခင်က သဘောမတူဘဲ ဘမြိုင်ဆိုသူနှင့် ပေးစားမည်လုပ်သဖြင့် "အ" ချင်ယောင်ဆောင်နေခြင်းဖြစ်သည်။ ထိုအကြောင်းကို မောင်ဖိုးထူး သိရှိသွားပြီးနောက် မောင်ရွှေအုံးနှင့် မညိုစိမ့်တို့ကို နီးစပ်အောင် ကူညီဆောင်ရွက်ပေးပုံများဖြင့် ဟာသဆန်ဆန် ဖန်တီးထားသော ပြဇာတ် တစ်ပုဒ် ဖြစ်ပါသည်။

တိုင်းပြည်ရန်သူ ပြဇာတ်သည်လည်း နော်ဝေစာရေးဆရာ "ဣဗဆင်"[၁]၏ ပြဇာတ်ကို မြန်မာမှုပြု ဖန်တီးထားခြင်းဖြစ်သည်။ ပြဇာတ်တွင် အမှန်တရားဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်သွားသော

[၁] Eieven

အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သူ မြူနီစပယ်ရေချိုးဆိပ် ကျန်းမာရေး အရာရှိ ဒေါက်တာဂုံမင်းကို ဗဟိုပြုပြီး ဇာတ်လမ်းဖန်တီးထားသည်။ ဒေါက်တာဂုံမင်းက ၎င်းတို့မြို့ရှိ ဦးဘိုးထယ်၊ ဦးချစ်ခတို့ ထုတ်ဝေသည့် ပြည်သူ့တမန် သတင်းစာမှ ရေချိုးဆိပ် မသန့်ရှင်းသည့်အကြောင်း ဖော်ပြရန်စီမံသည်။ အယ်ဒီတာ ဦးဖိုးထယ်နှင့် လက်ထောက် အယ်ဒီတာ ဦးချစ်ခတို့ကလည်း မိမိတို့၏သတင်းကို သတင်းစာတွင်ထည့်ရန် သဘောတူသည်။ သို့သော် ဒေါက်တာဂုံမင်း၏ အစ်ကိုဖြစ်သူ မြို့တော်ဝန်ဦးရန်ဝေးက သတင်းစာတွင် မထည့်နိုင်ရန် ဦးဘိုးထယ်ကို စည်းရုံးသည်။ ရေချိုးဆိပ် ပိတ်လိုက်ရပါက မြို့သူမြို့သားတို့၏ စီးပွားရေးထိခိုက်နိုင်သည်ဟု အကြောင်းပြသည်။ ဦးဘိုးထယ်တို့လည်း မြို့တော်ဝန် ဦးရန်ဝေး၏ စည်းရုံးပြောဆိုမှု နောက်သို့ပါသွားသည်။ လူထုအစည်းအဝေးတွင် မြို့သူမြို့သားတို့သည် ဒေါက်တာဂုံမင်း၏ ပြောဆိုမှုကို လက်မခံဘဲ ဒေါက်တာဂုံမင်းကို တိုင်းပြည်ရန်သူအဖြစ် သတ်မှတ် လိုက်ကြသည်။ သမီးဖြစ်သူ၏ အလုပ်အကိုင်များ ရပ်စဲခြင်းခံလိုက်ရသည်။ ဒေါက်တာဂုံမင်းသည် ထိုကဲ့သို့ မိမိဘက်မှ ရပ်တည်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိခြင်းကိုပင် "လောက၌ အဖော်အဖြစ် တစ်ယောက်မှမရှိတဲ့ လူဟာ အင်အား အကြီးဆုံးပဲ"ဟု ယူဆပြီး အမှန်တရားကို ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်သွားပုံဖြင့် ဇာတ်သိမ်း ထားခဲ့သည်။

## ၃၊ ၁။ သခင်ဘသောင်း၏ ပြဇာတ်များမှ ဇာတ်လမ်းဖန်တီးမှုနှင့် အပြောအခန်းကဏ္ဍ

သခင်ဘသောင်း၏ "ဆရာဝန်ပါပဲ" ပြဇာတ်နှင့် "တိုင်းပြည်ရန်သူပြဇာတ်"တို့သည် ခေတ်သစ်ပြဇာတ်များ၏ သဘာဝနှင့်အညီ ဇာတ်လမ်းဖန်တီးမှု ပြုလုပ်ရာတွင် ပြောစကား၏ အခန်းကဏ္ဍသည် အရေးပါကြောင်း တွေ့မြင်ရသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းပြဇာတ်နှစ်ပုဒ်လုံး၏ ဇာတ်လမ်းဖြစ်စဉ်ကို ဖော်ပြရာ၌ ဇာတ်ဆောင်တို့၏ ပြောစကားပုံစံအမျိုးမျိုးနှင့် ဇာတ်ခုံညွှန်းစကားများကို ထိထိမိမိ အသုံးပြုသွားခဲ့ ပေသည်။

ရှေးဦးစွာ "ဆရာဝန်ပါပဲ" ပြဇာတ်၏ ဇာတ်လမ်းအစတွင် လင်နှင့်မယား လျှာနှင့်သွားဆိုသည့် စကားနှင့်အညီ အဓိကဇာတ်ဆောင် မောင်ဖိုးထူးနှင့် မဂျမ်းဒုတ် တို့၏ လင်မယားရန်ဖြစ်ကြပုံ ဇာတ်ကွက်ကို ဖော်ပြရာ၌ –

**(ထူး)** **တော်ပါကွယ်၊ ဒီအကြောင်းတော်ကြပါစို့၊ ငါသိတာ ငါသိတယ်ဆိုရင်တော်ပါပြီ။ တကယ်ဆိုတော့ ငါလိုလင်မျိုး ရတာ မင်းကံထူးလို့မှတ်ပါ။**

**(ဒုတ်)** **ဘာတဲ့၊ ကံထူးလို့ သူ့ကိုရသတဲ့။ အများကြီး ကံထူးတာ ပေါ့လေ။ သူတောင်းစား ဖြစ်အောင် လုပ်ပေးဖော်ရဲတဲ့ လင်ကိုး။ ရှိတဲ့ပစ္စည်း ငမိုက်သားပီပီ ကစားပစ်ဖော် ရတာကိုး။**

**(ထူး)** **မကဲပါနဲ့ကွယ်၊ ဂျမ်းဒုတ်။ မင်းရှိတာဘယ်ကကုန်အောင် ကစားပစ်ရလို့လဲ သောက်တော့ သောက်မိပါရဲ့။**

**(ဒုတ်)** **သောက်မိပါရဲ့တဲ့၊ အိမ်မှာရှိသမျှ ပစ္စည်းတွေကို တစ်ခု ချင်းစီ ရောင်းလို့ ကုန်ပါ ပကော။**

**(ထူး)** **ကိုယ်ဒူးကိုယ်ချွန်ဆိုတာ ဒါမျိုးပေါ့ကွ။**

**(ဒုတ်) ကျုပ်ကျောအောက်က အိပ်ယာတောင် ဘယ်ရှိတော့ သလဲ။**

**(ထူး) အဲ့ဒီတော့မှ မင်းစောစောထမှာ။**

**(ဒုတ်) အဆုံးကျတော့ အိမ်ထဲမှ ဘာတစ်ခုများ ကုန်းကောက် စရာ ကျန်တော့လို့လဲ။**

**(ထူး) ဘာမှမကျန်ရင် အိမ်ပြောင်းတော့ ဒုက္ခနဲတာပေါ့ကွ။**[၁]

ဟူ၍ ဇာတ်ဆောင်နှစ်ဦး၏ အချီအချပြောစကားများ အသုံးပြု ရေးသားထားရာ ပရိသတ် စိတ်ဝင်စားမှုရှိသော ဇာတ်ပန္နက်ပိုင်း ဖြစ်လာသကဲ့သို့ မောင်ဖိုးထူး၏ နှိပ်စက်ခြင်းခံနေရသည့် မဂျမ်းဒုတ်၏ ဒုက္ခများကို ဟာသဆန်ဆန် ဖန်တီးထားနိုင်သည့် ဇာတ်ကွက်တစ်ခု ဖြစ်လာပါသည်။

တစ်ဖန် ဇာတ်ဆောင်မဂျမ်းဒုတ်က ခင်ပွန်း၏နှိပ်စက်မှုများကို ပြန်လည် ကလဲ့စားချေရန် ကြံစည်နေပုံများကို ဖော်ပြရာ၌ –

(ဒုတ်) ဖိုးထူးလူမိုက်ကို ငါဘယ့်နှယ် လက်စားချေရမလဲနော်

**"အို ဒီကောင်တော့ ငါလက်စားချေရမှ အေးမှာပဲ။ တတ်နိုင်လို့ ဘာပဲဖြစ်ဖြစ် ငါ့ဆော်ထားတာတွေတော့ ဘယ်ကျေနိုင်မလဲ။ အနာရွတ်မြင်လေ မဟော် သတိရလေပေါ့။"**[၂]

ဟူ၍ ဇာတ်ဆောင်တစ်ဦးတည်း ကြံစည်ပြောဆိုပုံဖြင့် ဖော်ပြထားရာ ဇာတ်လမ်း အားပြိုင်မှု သဘောကို ဖြစ်စေသကဲ့သို့ အနာဂတ်ဇာတ်ကွက်အတွက် အရိပ်နိမိတ် ပြထားနိုင်သည့် ဇာတ်ကွက် တစ်ခု ဖြစ်လာပါသည်။

တစ်ဖန် ဇာတ်ဆောင်မောင်ဖိုးချိန်နှင့် မောင်ရွှေအပ်တို့သည် မဂျမ်းဒုတ်၏ စကားကို အမှန်ထင်ပြီး မောင်ဖိုးထူးကို ဆရာဝန်အဖြစ် ရိုက်နှက်ခေါ်ဆောင်ပုံ ဇာတ်ကွက်ကို ဖန်တီးရာ၌ –

**(ထူး) နေကြပါဦး မိတ်ဆွေတို့ရယ်၊ ဘယ်နှာဖြစ်လာကြတာ တုန်း၊ ကျုပ်ကို ကျီစား နေတာလား၊ ဒါမှ မဟုတ်ရင်လဲ မိတ်ဆွေတို့ စိတ်များနောက်လာကြလို့ ကျုပ်ကို ဆရာဝန် လုပ်နေကြတာလား။**

**(ချိန်) ဘာပြောနေပြန်ပလဲ၊ ဆရာဝန်မဟုတ်ဘူးလို့ ငြင်းနေ ပြန်ပလား။**

**(ထူး) မဟုတ်ပါဘူး မိတ်ဆွေ။ အရက်သောက်တိုင်း မမူးဘဲ ရှိပါစေရဲ့။**

**(အပ်) တကယ်ဆရာဝန်မဟုတ်ဘူးလား။**

---

[၁] ဘသောင်း၊ ၂၀၀၅၊ ၉၅။

[၂] ယင်း၊ ၁၀၂။

**(ထူး) ဝီစကီကို နေ့ရောညရော ရေမရောဘဲနဲ့ ဆက်သောက်နေပါရစေရဲ့။ မဟုတ်ပါ ဘူးဗျာ။ (ဤကဲ့သို့ အပြောတွင် တစ်ခါရိုက်ကြစေ။)**

**အမယ်လေးဗျ၊ အမယ်လေး–ဗျ၊ ဟုတ်ပါတယ်ဗျ။ ဆရာဝန်ပါပဲ တကယ့် ဆရာဝန်ပါပဲ။ ဗိန္ဒောလည်းတတ်ပါတည်။ ပယောဂလည်းနိုင်ပါတယ်။ ခါတ်စာလည်း ပေးတတ်ပါတယ်ခင်ဗျ။ ခင်ဗျားတို့သဘောကျရင် ပြီးပါရော။ ဘာပဲလုပ်ရလုပ်ရ အရိုက်မခံရရင် ပြီးရောဗျ။**[၁]

ဟူ၍ ဇာတ်ဆောင်တို့၏ အချီအချပြောစကားကို အသုံးပြုပြီး ဟာသဆန်သော ဇာတ်ကွက်တစ်ခုဖြင့် ဇာတ်လမ်းကို ဖန်တီးထားနိုင်ပါသည်။

ထို့ပြင် ဇာတ်လမ်း၏ အရေးပါသော ဇာတ်ကွက်တစ်ခုဖြစ်သည့် ဦးတာတေ သမီး မညိုစိမ့် 'အ' သွားရသည့် အကြောင်းနှင့် ဆရာဝန်ယောင် မောင်ဖိုးထူး ဆေးကုပုံ များကိုလည်း –

**(တေ) အို စကားမပြောတတ်တာဟာ ဝေဒနာပေါ့ ဆရာရဲ့။ ဒီလိုပဲ 'အ' သွားတာပဲ။ ဘာဖြစ်တာလဲ မသိဘူး။ ဖြုန်းခနဲ 'အ' သွားတာနဲ့ သူ့ကို ယောကျ်ားပေးစားဖို့ဟာတောင် ဆိုင်းထားရတာပဲဆရာ။**

**(ထူး) အို 'အ' တာနဲ့ ဘာဖြစ်သလဲဗျ။**

**(တေ) သူနဲ့ထိမ်းမြားဖို့ စီစဉ်ထားတဲ့သူဟာ မင်္ဂလာမဆောင်ခင် ရောဂါ သက်သာပါ စေဦးဆိုပြီး စောင့်နေတယ်။**[၂]

စသည်ဖြင့် မြှုပ်ကွက်အချို့ကို ဇာတ်ဆောင်တို့၏ အချီအချပြောစကားများဖြင့် ဖန်တီး ထားခဲ့သည်။ ထို့ပြင် –

**(တေ) 'အ' နေတာတော့ ဟုတ်ပါပြီ။ သို့သော်လည်း ဘယ်နည်း၊ ဘယ်ပုံနဲ့ 'အ' တယ်ဆိုတဲ့ အကြောင်းလေးသိရအောင် တဆိတ် အမိန့်ရှိစမ်းပါဦး ဆရာရယ်။**

**(ထူး) အို 'အ' တဲ့အကြောင်းလား။ ခက်တာမှ မဟုတ်ဘဲဗျာ။ ခင်ဗျားသမီး 'အ'တာ ဟာ တစ်ခြားကြောင့် မဟုတ်ဘူးဗျို့၊ စကားမပြောတတ်လို့ပဲ။**

**(တေ) မှန်လိုက်တာ ဆရာရယ်၊ မှန်လိုက်တာ၊ ဒါဖြင့် စကားမပြောတတ်တဲ့ အကြောင်းကလေး တဆိတ်အမိန့်ရှိပါဦး ဆရာရယ်။**

---

[၁] ဘသောင်း၊ ၂၀၀၅၊ ၁၁၄။

[၂] ယင်း၊ ၁၂၈။

> **(ထူး) အို – ဒီအကြောင်းကတော့ ဒီလိုလားဗျ၊ ကျွမ်းကျင်တဲ့ ဆရာဝန်ကြီး ကိုယ်တိုင်က ပြောကြပါလိမ့်မယ်။ လျှာမှာ အနှောင့်အယှက်ဖြစ်ပြီး လျှာ အသွားအလာ မမှန်လို့ ဆိုတာကိုး၊ နဲနဲ ဝါယောငုပ်တဲ့ အဓိပ္ပာယ်ပေါ့ဗျာ။ ဒူလာ ပေါ့လေ။**[၁]

စသည်ဖြင့် ဆရာဝန်ယောင်မောင်ဖိုးထူးနှင့် ဦးတာတေတို့၏ ရှေ့နောက် အဆီအငေါ် မတည့်သည့် အချီအချပြောစကားများ အသုံးပြုပြီး ဟာသဆန်သော ဇာတ်ကွက်တစ်ခု ဖြစ်လာအောင် ဖန်တီးထားပါသည်။

ပြဇာတ်၏ ဇာတ်တက်ပိုင်းတွင် ပါဝင်သည့် မညိုစိမ့်၏ ရည်းစား ဆရာယောင် ဆောင်သည့် ဇာတ်ကွက်ကို ဖော်ပြရာတွင်လည်း –

> **(အုံး) ဘယ့်နှယ်လဲဆရာ။ ကျွန်တော်လည်း ဆေးဆရာယောင် ဆောင်ရ မကောင်းဘူးလား၊ သူ့အဖေကြီးကျွန်တော့်ကို မြင်ဖူးတာမှမဟုတ်ဘဲ။ နှုတ်ခမ်းမွှေးလေး ဘာလေး တပ်ပြီး ရုပ်ပြောင်းလိုက်ရင် မှတ်မိမယ်မထင်ပါဘူး။**
>
> **(ထူး) အို စိတ်သာချ မမှတ်မိဘူး။**
>
> **(အုံး) အဲဒီတော့ တစ်ခြားဟာတော့ မလိုပါဘူး။ ကျွန်တော့်ကို တကယ်တတ်တယ် ထင်အောင် ရောပြီးပြောဖို့ ဆေးသံ ဝါးသံပါပါ ကြီးကြီးကျယ်ကျယ် စကားလေးငါးခွန်း လောက်ပြောထားပေးပါ။**[၂]

စသည်ဖြင့် ဇာတ်ဆောင်တို့၏ အချီအချစကားများ အသုံးပြုပြီး ပရိသတ် စိတ်ဝင်စား နှစ်သက်မှု ဖြစ်စေမည့် ဇာတ်ကွက်ဖြစ်အောင် ဖန်တီးထားသည်။

တစ်ဖန် သခင်ဘသောင်း၏ "ဆရာဝန်ပါပဲ ပြဇာတ်" တွင် တွေ့ရသော ဇာတ်ခုံညွှန်း စကားများကလည်း ဇာတ်လမ်းဖန်တီးမှုကို ထောက်ပံ့ပေးလျက် ရှိနေသည်။

ပြဇာတ် ဇာတ်လမ်းအစတွင် မောင်ဖိုးထူးနှင့် မဂျမ်းဒုတ်လင်မယား ရန်ဖြစ် ကြပုံ၊ ဝင်ရောက်ဖျန်ဖြေသော မောင်သာဖြောကို လင်မယားနှစ်ဦးစလုံးက ရန်လုပ် ကြပုံ၊ မောင်ဖိုးထူး ထင်းခွေသွားပုံ ဖြစ်ရပ်များကို ဖော်ပြရာ၌ –

> **"မောင်ဖိုးထူးနှင့် မဂျမ်းဒုတ် ဇာတ်ခုံပေါ်တွင် ရန်ဖြစ်၍ ထွက်လာ ကြစေ"**[၃]
>
> **"တင်ပါးကို လက်နှစ်ဖက်ဖြင့် စုံပွတ်ပြီးလျှင် ကိုသာဖြောအား ဝင်မစွက်ရန် ပြော၍ ပါးကိုလှမ်းရိုက်စေ"**

---

[၁] ဘသောင်း၊ ၂၀၀၅၊ ၁၃၀။

[၂] ယင်း၊ ၁၃၉။

[၃] ဘသောင်း၊ ၂၀၀၅၊ ၁၆၃။

> **"မောင်ဖိုးထူးဆီသို့ တန်ဖန်ပြန်သွားရာ မောင်ဖိုးထူးကလည်း မိမိမယားကဲ့ သို့ပင် ဝင်မစွက်ရန် ပြောပြီးနောက် မိမိမယားကို ရိုက်သောတုတ်နှင့် ဆီး၍ ရိုက်ရာ ..."**[၁]

စသည်ဖြင့် ဇာတ်ခုံညွှန်းစကားများကို အသုံးပြုထားရာ ဇာတ်လမ်း၊ ဇာတ်ကွက်၊ အချိတ်အဆက် ပြေပြစ်မှုကို ဖြစ်စေပါသည်။ ထို့ပြင် လင်မယားသဘာဝ ပေါ်လွင်စေသည့် ဇာတ်ကွက်တစ်ခု ဖြစ်လာပါသည်။

ငင်းပြင် ဆရာဝန်ယောင်ဆောင်ထားသော မောင်ဖိုးထူးက မညိုစိမ့်၏နို့ထိန်း မစပယ်ကို ရိသဲ့သဲ့ပြောပုံ၊ မစပယ်ကလည်း မိမိခင်ပွန်းမောင်ရွှေအပ် မကောင်းကြောင်း ပြောပုံများကို မောင်ရွှေအပ် သိရှိသွားသည့် ဇာတ်ကွက်အဖြစ် ဖော်ပြထားရာတွင် –

> **"ဤကဲ့သို့ ပြောနေသည့်အတောအတွင်း၌ မောင်ရွှေအပ်သည် နောက်မှ နားထောင်လျက် ငင်းတို့နှစ်ဦးပြောသမျှကို အကုန်ကြား ရပြီးနောက် မောင်ဖိုး ထူးနှင့် မစပယ် တစ်ဖက်စီ ဝင်သွားကြစေ"**[၂]

ဟူ၍ ဇာတ်ခုံညွှန်းစကားဖြင့် ပရိသတ်သိလိုစိတ်ကို မြှင့်တင်ပေးနိုင်အောင် ဖန်တီး ပေးခဲ့ပါသည်။

မောင်ဖိုးထူးက ဦးတာတေမသိအောင် မောင်ရွှေအုံးကို ဆေးဆရာယောင် ဆောင်စေပြီး မညိုစိမ့်နှင့် တွေ့ဆုံစေပုံ ဇာတ်ကွက်ကို ဖန်တီးရာ၌ –

> **"ထိုအခိုက်တွင် မောင်ဖိုးထူးသည် ဦးတာတေကို ဇာတ်ခုံ တစ်ဖက်သို့ ခေါ်သွား၍ ဦးတာတေက မိမိသမီးနှင့် ဆေးဆရာ အသစ်တို့ ဘာလုပ်နေသည်ကို ကြည့်လို၍ လှည့်လည်သော အခါတိုင်း မိမိဘက်သို့သာ အသာလှည့်ခိုင်း၍ ဦးတာတေ၏ ပခုံးအပေါ်သို့ လက်တစ်ဖက်တင်၍ သူ၏မေးစေ့ကို ကိုင်တွယ် ကြည့်ရှုပြီးလျှင် စကားစဉ်မပြတ်အောင် အောက်ပါအတိုင်း ပြောနေစေ။**[၃]

ဟူ၍ ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်းစကားဖြင့် ဇာတ်လမ်း အစဉ်ချိတ်ဆက်မှုရှိအောင် ဖော်ပြထားနိုင်ပေသည်။

တိုင်းပြည်ရန်သူပြဇာတ်အစတွင် ရေချိုးဆိပ်ကျန်းမာရေးအရာရှိ ဒေါက်တာ ဂုံးမင်း ဇနီးဒေါ်နန်းရှင်တို့ အိမ်သည် ပြည်သူ့တမန်သတင်းစာအယ်ဒီတာ ဦးဘိုးထယ် နှင့် ဦးချစ်ခတို့၏ စားအိမ်သောက်အိမ် ဖြစ်နေပုံနှင့် ရင်းရင်းနှီးနှီး ဖြစ်နေကြပုံ မြင်ကွင်းများကို ဇာတ်ဆောင်တို့၏ အချီအချပြောစကားများဖြင့် ဖော်ပြထားရာ ဇာတ်ပန္နက်ပျိုးမှုပင် ဖြစ်သည်။ ငင်းဇာတ်ပန္နက်ပိုင်းတွင် ဒေါက်တာ ဂုံးမင်းနှင့် အစ်ကိုဖြစ်သူ မြို့တော်ဝန် ဦးရန်ဝေးတို့၏ ဆက်ဆံရေးကိုလည်း အချီအချ စကားများဖြင့် တင်ပြထားပါသည်။

---

[၁] ယင်း၊ ၉၈။

[၂] ယင်း၊ ၁၄၅။

[၃] ဘသောင်း၊ ၂၀၀၅၊ ၁၄၇။

တစ်ဖန် ပြဇာတ်၏ ဇာတ်တက်ပိုင်းတွင် တစ်မြို့လုံးက အမြတ်တနိုး ဂုဏ်ယူ နေကြသည့် ရေချိုးဆိပ်ကြီးတစ်ခုလုံး ချို့ယွင်းနေပုံကို –

(ဒေါက်တာဂုံမင်း)မှန်ပါတယ်၊ မှန်ပါတယ်၊ ဒါပေမယ့် တကယ်ဆိုတော့အခု ကျွန်တော်တို့စရိတ်တွေ အများကြီး အကုန်ခံပြီး ရွှန်းရွှန်းဝေ နေအောင် အကြီးအကျယ် အခိုင်အခန့် လုပ်ထားတဲ့ မြူနီစီပယ် ရေချိုးဆိပ်ကြီးဟာ ဘယ်လိုလဲ ဆိုတာကို ဘယ်သူမှ မသိကြဘူး။

(ဦးဘိုးထယ်) ဒီတော့ကာ ဘယ်လိုဟာလဲ ဆိုတာကို ဒေါက်တာက ပြောအုံး မပေါ့။

(ဒေါ်နန်းရှင်) ဟုတ်ပါတယ် ဘယ်လိုဟာလဲဆိုတာ တဆိတ် ရှင်က ပြောပြ အုံးမှပေါ့ ကိုဂုံမင်းရဲ့

(ဒေါက်တာဂုံမင်း)ဒီရေချိုးဆိပ်ကြီးဟာ ကပ်ရောဂါ ဖြစ်စေ တတ်တဲ့ ပိုးမွေးရုံကြီးနဲ့ ဘာမှ မခြားဘူး။

(မခင်လှ) အဖေရဲ့ ဟုတ်နိုင်ပါ့မလား။

(ဒေါက်တာဂုံမင်း)ဒီရေချိုးဆိပ်ကြီး တစ်ခုလုံးဟာ တန်ဆာဆင် ထားတဲ့ အဆိပ်တုံးကြီးနဲ့ အတူတူပဲ ဖြစ်နေပြီ။ တိုင်းသူပြည်သားတွေရဲ့ ကျန်းမာ ရေးကို ဒီရေချိုးဆိပ်ကြီးထက်ပိုပြီး ထိခိုက်တဲ့ နေရာမရှိဘူး၊ မအူတော အလုပ်ရုံက အညစ်အကြေးတွေမှန်သမျှနဲ့ မကောင်းတာ တွေ ရှိသမျှဟာ ဒီရေချိုးဆိပ်ရေပေးတဲ့ လျောင်ကန်ကြီးထဲကို ရေသွင်းပြွန်ကြီးတွေ ထဲကို ရောက်နေပြီ။[၁]

စသည်ဖြင့် ဇာတ်ဆောင်တို့၏ အချီအချပြောစကားများမှတစ်ဆင့် ဇာတ်လမ်း၏ အရေးပါသော ဖြစ်ရပ်တစ်ခုကို ဖန်တီးတင်ပြထားခဲ့ပါသည်။

ရေချိုးဆိပ်ကြီး ချို့ယွင်းနေပုံကို သိရှိသွားသော ဒေါက်တာဂုံမင်းသည် လူအများ၏ ကျန်းမာရေးကို ငဲ့ကွက်ပြီး ရေချိုးဆိပ်ပြုပြင်ရေးကို လုပ်လိုသည်။ အစ်ကို ဦးရန်ဝေက ကုန်ကျမည့် စရိတ်နှင့် မြို့သူမြို့သားတို့၏ စီးပွားရေးထိခိုက်မည်ကို ချင့်တွက်ကာ ရေချိုးဆိပ်ကို ဟန်မပျက် ဆက်ဖွင့်ထားလိုသည်။ ထိုအကြောင်းများကို–

(ဒေါက်တာဂုံးမင်း) နောက်မှလုပ်မယ်ဆိုလို့ ဘယ်ဖြစ်မလဲ ကိုကြီးရဲ့။

---

[၁] ဘသောင်း၊ ၁၉၆၃၊ ၄၈။

**(ဦးရန်ဝေး)** **မင်းပြောတဲ့အတိုင်း ပြုပြင်ရမယ်ဆိုရင် စရိတ်ဘယ်လောက် ကုန်မယ်ထင်သလဲ။ ငါစုံစမ်းကြည့်လို့ ရသလောက်တော့ငွေ သုံးသိန်းတော့ ကုန်လိမ့်မယ်။**

**(ဒေါက်တာဂုံမင်း) ဒီလောက်တောင်ဘဲ ကုန်ပါ့မလား ကိုကြီးရယ်။**

**(ဦးရန်ဝေး)** **ကုန်မယ် မောင်ဂုံမင်းရဲ့ နောက်ပြီးတော့သာ ဆိုတာ နောက်ကိုနှစ်နှစ်လောက်ကြာမှပြီးလိမ့်မယ်။**

**(ဒေါက်တာဂုံမင်း)ဒါလောက်တောင် ကြာနိုင်ပါ့မလား။ နှစ်နှစ်ကြီးတောင်ဆိုတော့ မဟုတ်နိုင်တာပဲ။**

**(ဦးရန်ဝေး)** **နှစ်နှစ်ဆိုတာတောင် အနည်းဆုံးပြောတာ။ အဲဒီတော့ ဒီလိုပြင်နေတဲ့ အတောအတွင်းမှာ ဒီရေချိုးဆိပ်ကြီးကို ဘယ်လိုလုပ်ထားမလဲ ဒီရေချိုးဆိပ်ကရေဟာ ဥပါဒ်ဖြစ်တယ်လို့ သတင်းပေါက်ကြားသွားရင် ဘယ်သူက ဒီရေချိုး ဆိပ်နား ကပ်ကြ အုံးတော့မှာတုန်း။**

**(ဒေါက်တာဂုံမင်း)အစ်ကိုကြီးပြောတာလဲ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီရေဟာ ဥပါဒ်ဖြစ်စေတတ်တာကတော့ အမှန်ပဲဟာကို အစ်ကိုကြီးရဲ့။**[၁]

ဟူ၍ ဇာတ်ဆောင်တို့၏ အချီအချပြောစကားများဖြင့် ဇာတ်လမ်းအားပြိုင်မှုသဘော ပေါ်လွင်အောင် ဖန်တီးထားသည်။ ဇာတ်ဆောင်တို့၏ အယူအဆရေးရာ အားပြိုင်မှုဖြင့် ဇာတ်လမ်းအပေါ် စိတ်ဝင်စားမှု ရှိအောင် ဖန်တီးထားခြင်းလည်းဖြစ်သည်။

တိုင်းပြည်ရန်သူပြဇာတ်၏ အဓိကဇာတ်ထွတ်ပိုင်းသည် လူထုအစည်းအဝေး၌ ဒေါက်တာဂုံမင်းကို တိုင်းပြည်ရန်သူအဖြစ် လူအများက ဝိုင်းဝန်းသတ်မှတ်ကြခြင်း ဖြစ်သည်။ မိမိအကျိုးထက် အမှန်တရားကို ဆုပ်ကိုင်ထားသော ဒေါက်တာဂုံမင်းနှင့် အခွင့်သာသည့်ဘက် ယိမ်းတတ်သော ဦးဘိုးထယ်၊ ဦးဘိုးမှန်တို့၏ အယူအဆရေးရာ အားပြိုင်မှုများဖြင့် ဇာတ်လမ်းကို ဖွဲ့စည်းထားသည်။ ပရိသတ်များကလည်း ဒေါက်တာဂုံမင်းကို တိုင်းပြည်ရန်သူအဖြစ် သတ်မှတ်လိုက်ပုံဖြင့် ဇာတ်လမ်း အလှည့် အပြောင်း ပြုလုပ်ထားခဲ့သည်။ ၎င်းဇာတ်ကွက်ကို ဖန်တီးရာ၌ –

**(ဒေါက်တာဂုံမင်း)လေကောင်းလေသန့်ကို မရှူရရင် အသိဉာဏ် ထိုင်းမှိုင်းစေတတ် ပါတယ်။ ဒါကြောင့်မို့ စည်းလုံးညီညွတ်တဲ့လူအများစု အကုန်လုံးက အသိဉာဏ်ကင်းမဲ့စွာနဲ့ကောက်ကျစ်စဉ်းလဲ ခြင်းတည်း ဟူသော ရှုံ့ညွှန်ပေါ်မှာ မြို့ရဲ့ စီးပွားရေး အဆောက်အဦးကို တည်ဆောက် လိုတဲ့ ဆန္ဒရှိနေတာကိုထောက်ထားရခြင်းအား**

---

[၁] ဘသောင်း၊ ၁၉၆၃၊ ၈၅–၈၆။

ဖြင့် ဒီမြို့ထဲမှာ လေကောင်းလေသန့် မရတဲ့ အိမ်တွေ အများကြီးရှိနေတယ် ဆိုတာကို သိနိုင်ပါတယ်။

(ဦးဘိုးမှန်) အခုလို မြို့သူမြို့သားတွေ အပေါ်မှာ အကြီးအကျယ် စွပ်စွဲခြင်းကိုတော့ ကျွန်တော် ခွင့်ပြုနိုင်မယ် မဟုတ်ပါဘူး။

(လူတစ်ယောက်) သဘာပတိကြီးက ဒေါက်တာကို စကားပြော ခွင့်မပြုဘို့ ကျွန်တော် အဆိုသွင်းပါတယ်။

(ပရိသတ်များ) ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒီလူကိုထိုင်ခိုင်း ပါတော့။

(ဒေါက်တာဂုံမင်း)မှန်ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ဇာတိမြို့ကို အင်မတန် ချစ်တဲ့အတွက် ဒီလို ယုတ်မာတဲ့အမှုကို အမှီပြုပြီး ကျွန်တော်တို့ မြို့ ကြီးပွားနေတာထက်တော့ ပျက်စီးသွား တာကိုဘဲ ကြည့်ချင်ပါတယ်။

(ဦးဘိုးထယ်) ဒေါက်တာဟာ တိုင်းပြည်ရဲ့ ရန်သူမို့သာ အခုလို တစ်မြို့လုံးကို ပျက်စီးစေချင်တဲ့ စိတ် ရှိတာပါ။

(ဒေါက်တာဂုံမင်း)မြို့တစ်မြို့ဟာ ယုတ်မာတဲ့အမှုနဲ့ အသက်မွေး နေတယ်ဆိုရင် အဲဒီတစ်မြို့လုံး ပျက်စီးသွား တယ်ဆိုတောင် မလွမ်းလောက်ပါဘူး၊ အဲဒီ မြို့က မြေလှန်ပစ်ထိုက်တဲ့ မြို့မျိုးပါ။

(ပရိသတ်အားလုံး)ဒီလူက တိုင်းပြည်ရန်သူပဲ။ ဒီလူဟာ တိုင်းပြည်ကို မုန်းတဲ့လူ ကိုယ့်လူမျိုးကို မုန်းတဲ့လူ။[၁]

စသည်ဖြင့် ဇာတ်ဆောင်တို့၏ အချီအချ စကားများဖြင့် ဖော်ပြထားသည်။ ဤဇာတ် ကွက်သည် ပြဇာတ်၏ အဓိက ရည်ရွယ်ချက်ကို ဖော်ထုတ်ပြနိုင်သည့် ဇာတ်ကွက် တစ်ခုလည်း ဖြစ်ပါသည်။

တစ်ဖန် တိုင်းပြည်ရန်သူပြဇာတ်တွင် တွေ့ရသော ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်း စကားများ ကလည်း ဇာတ်လမ်းအချိတ်အဆက် ပေါ်ပြစ်မှုနှင့် ဇာတ်လမ်း ဖြစ်စဉ် တိုးတက်မှုရှိအောင် ပြုလုပ်ပေး နိုင်ပါသည်။

[၁] ဘသောင်း၊ ၁၉၆၃၊ ၁၉၆-၁၉၉။

သာဓကအားဖြင့် မြို့တော်ဝန်ဦးရန်ဝေးသည် ဒေါက်တာဂုံမင်း တွေ့မည် စိုး၍ ပြည်သူ့တမန် သတင်းစာတိုက် အခန်းဝတွင် ပုန်းနေသော်လည်း အပြင်တွင်ကျန် နေသည့် မြို့တော်ဝန် အဆောင်အယောင်များမှတစ်ဆင့် ဒေါက်တာဂုံမင်း သိရှိသွားပုံ ဇာတ်ကွက်ကို ဖော်ပြရာတွင် –

> **"ဒေါက်တာဂုံမင်းသည် မြို့တော်ဝန်၏ ဝတ်လုံကိုချွတ်၍ မြို့တော်ဝန်၏ လုံတံ ကိုကိုင်ပြီးလျှင် တံခါးပေါက်သို့သွား၍ တံခါးကိုဖွင့်ပြီးနောက် မတ်တပ်ရပ်ကာ အလေးပြုကာနေစေ၊ ဦးရန်ဝေးသည် ဒေါသဖြစ်၍ မျက်နှာနီးမြန်းလျက် ဝင်လာစေ။ သူ့နောက်မှ ဦးချစ်ခလိုက်လာစေ။"**[၁]

ဟူ၍ ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်းစကားဖြင့် ဇာတ်လမ်း အချိတ်အဆက်မိအောင် ဖန်တီး ထားနိုင်ခဲ့သည်။

အမှန်တရားကို မြတ်နိုးသူ ဒေါက်တာဂုံမင်းသည် လူထုအစည်းအဝေး၌ အများနှင့် ဆန့်ကျင်ဘက်ဖြစ်နေပုံ၊ လူအများက တိုင်းပြည်ရန်သူအဖြစ် သတ်မှတ် ကြပုံဇာတ်ကွက်ကို ဖော်ပြရာတွင်လည်း –

> **"အစည်းအဝေးတစ်ခုလုံး ဝက်ဝက်ကွဲအောင် ဆူပူသွားစေ။ ခြေဆောင့်သူက ဆောင့်၊ အော်သူက အော်၊ ရွှတ်ရွှတ်လုပ်သူက လုပ်ကြစေ။ အသက်အရွယ် ကြီးသူတစ်ချို့မှာ တစ်ယောက်ကို တစ်ယောက် တိတ်တခိုးကြည့်၍ သဘော ကျခါနေကြစေ။"**[၂]

> **"ပရိတ်သတ်အားလုံးသည် အပေါက်ဝသို့တိုး၍ ထွက်နေကြစေ။ အပြင်သို့ ရောက်သည့်တိုင်အောင် ဆူညံကာ ရှိကြပြီးလျှင် အိမ်အပြင်ဘက်မှလည်း တိုင်းပြည်ရန်သူ၊ တိုင်းပြည်ရန်သူ" ဟုဆူညံစွာ အော်ဟစ်လျက် ရှိကြစေ။"**[၃]

ဟူ၍ ဇာတ်ခုံညွှန်းစကားများဖြင့် ဇာတ်လမ်း အလှည့်အပြောင်း ဖြစ်စေမည့် ဇာတ်ကွက် များကို ဖန်တီးထားကြောင်း တွေ့ရပါသည်။

## ၃၊ ၂။ သခင်ဘသောင်း၏ ပြဇာတ်များမှဇာတ်ဆောင်ဖန်တီးမှုနှင့်အပြော အခန်းကဏ္ဍ

ပြဇာတ်သည် ဇာတ်ဆောင်ကို ဇာတ်ဆောင်မှတစ်ဆင့် ဖန်တီးရသော အနုပညာ တစ်ရပ်ဖြစ်သည်။ တစ်နည်းအားဖြင့် ဇာတ်ဆောင်တို့၏ ပြောစကားများဖြင့် ဖန်တီးရပါသည်။ သခင်ဘသောင်း၏ ပြဇာတ်များတွင် ဇာတ်ဆောင်တို့၏ စရိုက် သဘာဝအသီးသီးကို ဇာတ်ဆောင်ပြောစကား အမျိုးမျိုးဖြင့် ဖန်တီးထားကြောင်း တွေ့ရပါသည်။ ထို့ပြင် ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်းစကားများကလည်း ဇာတ်ဆောင်တို့၏ အမူအရာ စရိုက်သဘာဝများပေါ်လွင်လာအောင် ပံ့ပိုးပေးလျက် ရှိနေပါသည်။

---

[၁] ဘသောင်း၊ ၁၉၆၃၊ ၁၄၇။

[၂] ယင်း၊ ၁၈၀။

[၃] ယင်း၊ ၂၀၆။

သာဓကအားဖြင့် "ဆရာဝန်ပါပဲ" ပြဇာတ်တွင် တွေ့ရသော အဓိကဇာတ်ဆောင် မောင်ဖိုးထူးသည် မယားဖြစ်သူကို အမြဲတမ်း ရိုက်နှက်အနိုင်ယူတတ်သူ၊ မယား မဂျမ်းဒုတ်၏ ရန်ငြိုးထားခြင်း ခံနေရသူဖြစ်ကြောင်းကို -

**(ထူး) အရေးမစိုက်လောက်တာတွေ အရေးစိုက်မနေပါနဲ့ကွယ်။ သဘောထား ကြီးကြီးထားမှပေါ့။ ဒီလိုအချစ်စမ်းရတာပါ။ တစ်ယောက်နှင့်တစ်ယောက် ချစ်နေကြတဲ့လူချင်း ဒီလို လေးငါးခြောက်ချက်လောက်များ ဆော်ပေးလိုက်ရင် အချစ် နလန်ထတာမျိုးပဲ။ ကဲအခု ကျုပ်ကို ပိုမချစ်ဘူးလား။ (မဂျမ်းဒုတ် တစ်ယောက်တည်း) ကွဲပေတော့ ကိုယ်တော်မြတ်။ ဘာပြောပြော ကျုပ်ရိုက်တာတွေတော့ ဘယ်တော့မှ မမေ့ဘူး။ ဖုံလုံတစ်လှည့် ငါးဖျံ တစ်လှည့်ပေါ့။ တစ်နေ့တော့ ကလဲ့လယ်အုံးမှာပဲ။ ယောကျ်ားအပေါ် မိန်းမက နှိပ်စက်ချင် အလွယ်ကလေးပဲ။ ဂျမ်းဒုတ်ကြံရင် သင်းခံနိုင်ရိုးလား"**[၁]

ဟူ၍ ဇာတ်ဆောင်ကိုယ်တိုင်၏ ပြောစကား၊ မယားဂျမ်းဒုတ်၏ တစ်ဦးတည်း ပြောစကားတို့ဖြင့် ပေါ်လွင်အောင် ဖန်တီးထားသည်။

မောင်ဖိုးထူးသည် ထင်းခုတ်လိုက်၊ အရက်သောက်လိုက်ဖြင့် အပူအပင် ကင်းမဲ့စွာ နေတတ်ပုံကိုလည်း -

**(ထူး) ငှါလခွေး ထင်းခုတ်ရတာလဲ သောက်လို့ဝင်ပါကလား။ အရက်ကိုသောက်လှလို့ ယောက္ခမဆဲတာ။ ပေါက်သမျှ သေးဟာငယ်။ မနေးပါအသော့၊ တယ်နယ်တယ်နဲတောင်။ အဟိ ဒါကြောင့် ရှေးပညာရှိကြီးတွေက "သူရောသူသော အတိရမ္မပီတိ" လို့ ဝိဂြိုလ်ပြုခဲ့တာပေပဲ။ သူရော သူရာ၊ သူသော သောက်သူအား အတိရမ္မပီတိ - အလွန်ပျော်ရွှင် စေတတ်၏ ထို့ကြောင့် သူရာမည်၏။ အရက်မည်၏။ ဝီစကီမည်၏။ ဘီယာမည်၏။ ဘရန်ဒီမည်၏။ ဂျွန်နီဝပ် ကားမည်၏။ လောကမှာ ပျော်ပျော်နေသေးခဲတဲ့။ အဲလေ ယောင်လို့ ပျော်ပျော်နေ သေခဲတဲ့။**[၂]

ဟူ၍ ဇာတ်ဆောင်မောင်ဖိုးထူးကိုယ်တိုင် ပြောစကားဖြင့် ဖန်တီးထားခဲ့သည်။ ဤ အပြောစကားကြောင့် ဇာတ်ဆောင်မောင်ဖိုးထူး၏ ဟာသဆန်သော ဇာတ်ရုပ်များ ပေါ်လွင်လာသည်။

မောင်ဖိုးထူးကို ဆရာဝန်အဖြစ် လူအများက ဝိုင်းဝန်းသတ်မှတ် လိုက်ကြသောအခါ ဟိတ်ကြီးဟန်ကြီးနှင့် ဆရာဝန်စိတ်ဝင်သွားပုံကို ဇာတ်ရုပ်ကိုလည်း -

---

[၁] ဘသောင်း၊ ၂၀၀၅၊ ၁၀၀-၁၀၁။

[၂] ဘသောင်း၊ ၂၀၀၅၊ ၁၀၈။

(ထူး) ဒီလိုကိုးဗျ။ ကျုပ်တို့ ဗာလနံကျမ်းက ကျုပ်တို့ဟာ ခေါင်းပေါင်းစ ရှည်ရှည် ချရမယ်ဆိုသကိုးဗျ။

(တေ) အော် ဗာလနံကျမ်းက ဆိုသလားဆရာရဲ့။

(ထူး) အခန်းအချာပေါ့ဗျာ။

(တေ) ဘယ်အခန်းမှာဆိုပါလိမ့်။

(ထူး) အိုခေါင်းပေါင်းများဆိုင်ရာ အခန်းမှာပေါ့ဗျာ။[၁]

ဟူ၍လည်းကောင်း

(ထူး) ချီးမွမ်းတာလဲ ချီးမွမ်းကြပေါ့ဗျာ၊ ပြောတာလေးလည်း တဆိတ် နားထောင်ကြပါဦး။ အင်း အဲဒီခုတင်ပြောတဲ့ မိဿက ဖြစ်တာတွေဟာ ဦးနှောက်ထဲမှာရှိခဲ့သည့် ခြေဆီကနေပြီး ခြင်ဆီရှိရာ အူထဲရောက်လာ ကြတော့ သရက်ရွက်ခေါ်တဲ့ဆီကို ရောက်လာပြီး သွေးကြောစုံတဲ့ ခြေဖနောင့်ကို ရောက်လာပြန်တော့ အဲ့ဒီ ခြေဖနောင့် ကိုတော့ အင်္ဂလိပ်လို "အိုင်ဆေးလို့ခေါ်တာပေါ့"[၂]

ဟူ၍ ဇာတ်ဆောင်ပြောစကားဖြင့် ဖန်တီးထားပါသည်။ ဆရာဝန်စိတ်ဝင်နေသော မောင်ဖိုးထူး၏ တလွဲတချော် စကားများကြောင့် ရယ်စရာဟာသဇာတ်ရုပ်အဖြစ် ပေါ်လွင်လာရသည်။

ဆရာဝန်ယောင် မောင်ဖိုးထူး၏ အများအကျိုးထက် ကိုယ်ကျိုးကိုသာ ကြည့်တတ်ပုံ လူအများ၏ အားနည်းချက်ကို အခွင့်ကောင်းယူပြီး အယောင်ဆောင် တတ်ပုံ စရိုက်သဘာဝ ကိုလည်း –

(ထူး) မဟုတ်ပါဘူး၊ ကျုပ်ပြောရင်ယုံပါ။ ကျုပ်ကို အတင်း ဆရာဝန် လုပ်ခိုင်းလို့ လုပ်နေရတာဗျ။ ကျုပ်ဟာ ဘယ်တုန်းကမှ ဒီလောက်တတ်ခဲ့ဖူးတာ မဟုတ်ပါဘူး။ ကျုပ် ကျောင်းနေဖူးတာမှ သင်ပုန်းကြီးတန်းသာ ရောက်ပါ တယ်။ ဒီလူတွေ ဘာများ စိတ်ရူးပေါက်လာကြလို့လဲ မသိဘူး၊ ကျုပ်ဆရာဝန်မဟုတ်ပါဘူးလို့ အတန်တန် ပြောရက်နဲ့ မရတော့ဟယ် – ငါ ဆရာဝန်လုပ်ရလို့ နစ်နာတာမဟုတ်ဘဲ။ သူတို့နစ်နာတာဆိုပြီး ဇွတ်နစ်ပြီး ဆရာဝန်လုပ်ရတာပဲ။ ဘယ်သူကများ ကျုပ်ကို ဆရာဝန် ပါပဲလို့ ပြောလိုက်တယ်မသိဘူး။ လူတိုင်းက တကယ့် ဆရာဝန် မှတ်နေကြတာပဲ ... ဒီအတိုင်းသာ စားလမ်း

---

[၁] ယင်း၊ ၁၂၂။

[၂] ယင်း၊ ၁၃၂။

**ချောင်မယ်ဆိုရင်တော့ ကျုပ်ဖြင့် ဒီဘဝမှာ ဆရာဝန်အဖြစ်**
**နဲ့ပဲ အရိုးထုတ်တော့မယ် ကြံတယ်။**[၁]

ဟူ၍ မောင်ဖိုးထူးက မောင်ရွှေအုံးကို ပြောသောစကားဖြင့် ဖန်တီးထားသည်။ ယင်းခေတ်က တကယ်မတတ်ဘဲ ဆေးကုနေသူ ဆရာဝန်ယောင်များကို ပြက်ရယ်ပြု လိုသည့် သဘောကို ဇာတ်ဆောင်မောင်ဖိုးထူး၏ ပြောစကားဖြင့် ဖန်တီးခဲ့သည်။

တစ်ဖန် ဆရာဝန်ပါပဲ ပြဇာတ်တွင် အဓိကဇာတ်ဆောင် မောင်ဖိုးထူး၏ စရိုက် သဘာဝများကို ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်းစကားအချို့တွင် တွေ့ရပါသည်။

သာဓကအားဖြင့် အဓိကဇာတ်ဆောင် မောင်ဖိုးထူး၏ စရိုက်သဘာဝများကို ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်းစကားအချို့တွင် တွေ့ရပါသည်။

သာဓကအားဖြင့် အဓိကဇာတ်ဆောင် မောင်ဖိုးထူး၏ အရက်သမား သရုပ်ကို –

**"ဇာတ်ခုံပေါ်တွင် လက်တစ်ဖက်တွင် အရက်ပုလင်းကိုင်၍ ထွက်လာစေ။"**[၂]

**"လူနှစ်ယောက်ကို မြင်စေ၊ မောင်ဖိုးချိန်က နှုတ်ဆက်ဟန် ပြုသောအခါ အရက်ပုလင်းကို လုယူလိမ့်မည်ဟုထင်၍ တစ်ဖက်သို့ရွှေ့လိုက်စေ။ နောက် တစ်ဖန် မောင်ရွှေအပ်က နှုတ်ဆက်ဟန်ပြုသောအခါလည်း ထိုကဲ့သို့ လုယူမည်ထင်၍ အရက်ပုလင်းကိုယူ၍ ရင်ဘတ်ပေါ်တွင် လက်နှစ်ဖက်ဖြင့် ပွေ့လိုက်၍ အမျိုးမျိုးအဖုံဖုံ ကိုယ်ဟန်လက်ဟန်ဖြင့် လုပ်စေ။"**[၃]

ဟူ၍ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်းစကားဖြင့် ပေါ်လွင်အောင် ဖန်တီးနိုင်ခဲ့ပါသည်။

"တိုင်းပြည်ရန်သူ" ပြဇာတ်တွင် အဓိကဇာတ်ဆောင် ဒေါက်တာဂုံမင်း၏ စည်းကမ်းစနစ်ကြီးကား မိမိလူမျိုးကို ချစ်ခင်တတ်သည့် ခင်မင်တတ်သည့် စိတ်ထား ကို –

**(ဒေါက်တာဂုံမင်း)"အစ်ကိုကြီးရယ်၊ ကျွန်တော်တို့ သုံးစွဲတဲ့ထဲမှာ အလဟဿ ဖြုန်းပစ်ရတယ်လို့ တစ်ပြား တစ်ချပ်မှ မပါပါဘူး။ တစ်ခုတော့ ကျွန်တော် မကျွေးမွေးဘဲ မနေနိုင်ဘူး။ သူတို့ကို ကျွေးမွေးရတာ သိပ်ပျော်တာကိုး။ ပြီးတော့ ဒီလိုကျွေးနေရမှပဲ ကျွန်တော်လည်း နေလို့ရ တယ်။**[၄]

ဟူ၍ ဇာတ်ဆောင် ဒေါက်တာဂုံမင်းက ဦးရန်ဝေးကိုပြောသည့်စကားဖြင့် ဖော်ပြထား ခဲ့သည်။

တစ်ဖန် ဒေါက်တာဂုံမင်းသည် ရေချိုးဆိပ် မသန့်ရှင်းသည့် ကိစ္စနှင့် ပတ်သက်ပြီး လူအများနှင့် ဆန့်ကျင်ကာ မိမိ၏အယူအဆများကို အခိုင်အမာ ဆုပ်ကိုင်ထားနိုင်ခဲ့သူ တစ်ဦးဖြစ်သည်။

[၁] ဘသောင်း၊ ၂၀၀၅၊ ၁၄၀။
[၂] ဘသောင်း၊ ၂၀၀၅၊ ၁၀၇။
[၃] ယင်း၊ ၁၀၉။
[၄] ယင်း၊ ၁၉၆၃၊ ၃၀။

မိမိအကျိုးထက် လူအများ၏ ကျန်းမာရေးကို အလေးထားသော ဆရာဝန်ကောင်းတစ်ဦး၏ စရိုက်သဘာဝများအဖြစ် –

**(ဦးရန်ဝေး) ရေချိုးဆိပ်ကော်မတီက သူတို့ဟာသူတို့ အလျောက် စရိတ်လည်းများများ မကုန်ဘဲနဲ့ ဒီရေချိုးဆိပ်ကို ပြုပြင်ဘို့အတွက် စဉ်းစား ကြမယ်ဆိုရင်ကော။**

**(ဒေါက်တာဂုံမင်း)ဒီလိုမလိမ့်တပတ် လုပ်တာမျိုးကို ဘယ်နှယ် လုပ်ပြီး ကျွန်တော်က သဘောတူနိုင်မလဲ။**

**(ဦးရန်ဝေး) ရေချိုးဆိပ်ကော်မတီကို မလိမ့်တပတ်လုပ်တယ်လို့ မင်းက ဆိုလိုတယ်လား။**

**(ဒေါက်တာဂုံမင်း)ဆိုတာပေါ့။ ဒီလိုသာ လုပ်ရင် မလိမ့်တပတ် လုပ်တာပဲပေါ့၊ မြို့ကိုလည်း လိမ်တာပေါ့။ တိုင်းပြည်ကိုလည်း စော်ကားတာပဲ။ တစ်နိုင်ငံ လုံးကိုလည်း လှည့်ဖျားတာပဲ။**[၁]

စသည်ဖြင့် ဇာတ်ဆောင်တို့၏ အချီအချစကားများဖြင့် ဖန်တီးထားခဲ့သည်။

တစ်ဖန် ဒေါက်တာဂုံမင်းသည် အများနှင့် ဆန့်ကျင်သော်လည်း အမှန်တရား ကိုသာ လေးစားတန်ဖိုးထားသည့်သူတစ်ဦးအဖြစ် ဖန်တီးရာ၌ –

**(ဦးဘိုးထယ်) လက်စသတ်တော့ ဒေါက်တာဂုံမင်းကတော်လှန်ရေး သမားကြီးကို**

**(ဒေါက်တာဂုံမင်း)မှန်ပါတယ်၊ ဦးဘိုးထယ်ပြောတာ မှန်ပါတယ်။ အကုန်လုံး မှန်တယ်ဆိုတဲ့ တရားမှားကို တော်လှန် မယ့်သူဟာ ကျွန်တော်ပါပဲ။ လူအများစုက မှန်တယ်လို့ ယူဆလေ့ရှိတဲ့ အမှန်တရား တွေဟာ ဘယ်လိုအမှန်တရားမျိုးတွေလဲ။ သိကြရဲ့လား။**[၂]

ဟူ၍ လည်းကောင်း၊ အစည်းအဝေး၌ အများ၏ ဆန့်ကျင်ခြင်းခံရသောခါ –

**(ဒေါ်နန်းရှင်)ဒီမှာ ကိုဂုံမင်း။ နောက်ဖေးပေါက်က ထွက်ရရင် ကောင်းမလား။**

**(ဒေါက်တာဂုံမင်း) "ဟေ့ မနန်းရှင်။ ငါ့အဖို့ နောက်ဖေးပေါက် မရှိဘူး။ မင်းတို့တော့ တိုင်းပြည်ရန်သူ ခြေဖဝါး အောက်ရောက်ပြီး။ တိုင်းပြည်ရန်သူ အကြောင်းကို သိကြအုံးမှာပေါ့ကွာ။ ငါက ဟိုပုဂ္ဂိုလ်ကြီး တစ်ဦး**

---

[၁] ဘသောင်း၊ ၁၉၆၃၊ ၈၈။

[၂] ယင်း၊ ၁၈၃။

**ပြောတာလို "သည်းခံခြင်းသည်မြတ်သော အကျင့်" ဆိုတာမျိုး ကျင့်မယ့်အကောင် မဟုတ်ဘူး။**[၁]

ဟူ၍လည်းကောင်း အခြားဇာတ်ဆောင်များ၏ ပြောစကားများကို ပြန်လည်ချေပနေသော အဓိကဇာတ်ဆောင် ဒေါက်တာဂုံမင်း၏ ပြောစကားများဖြင့် ဖန်တီး ထားပါသည်။

တိုင်းပြည်ရန်သူ ပြဇာတ်တွင် ပြဇာတ်ဆရာ၏ ဇာတ်ခုံညွှန်း စကားများဖြင့် ဇာတ်ဆောင်၏ စရိုက်သဘာဝများကို အသေးစိတ် ဖန်တီးခြင်း မပြုခဲ့သော်လည်း ဇာတ်ကွက်အလိုက် ပြုမူလှုပ်ရှားရမည့် ဇာတ်ဆောင်တို့၏ အမူအရာသဘာဝများကိုမူ ဇာတ်ခုံညွှန်း စကားများဖြင့် အသေးစိတ် ညွှန်ပြရေးသားခဲ့ကြောင်း တွေ့ရ ပါသည်။

## ခြုံငုံသုံးသပ်ချက်

ပြဇာတ်စာပေသည် ပြောစကားပုံစံအမျိုးမျိုးကို အားပြုရေးသားထားသည့် စာပေတစ်ရပ် ဖြစ်သည်။ ပြဇာတ်တွင် ပါဝင်သော ဇာတ်လမ်းဇာတ်ဆောင် ကာလဒေသ နောက်ခံ ဖန်တီးမှုများ ပြုလုပ်ရာ၌ ပြောစကားအမျိုးမျိုးအပေါ်တွင် အခြေခံပြီး ရေးသားရသည်။ ဇာတ်ဆောင်တို့၏ အချီအချ ပြောစကားများ၊ တစ်ဦးတည်း ပြောစကားများသည် ဇာတ်လမ်းဖြစ်စဉ် ရွေ့လျားမှု၊ ဇာတ်ဆောင် သဘာဝပေါ်လွင်မှု၊ ကာလဒေသနောက်ခံကို ထင်ရှားလာစေမှုတို့အတွက် အထောက်အပံ့ပြုလျက် ရှိနေပါသည်။ ပြဇာတ်တွင် အသုံးပြုထားသော ဇာတ်ခုံညွှန်း စကားများကလည်း ဇာတ်ခုံအပြင်အဆင် ကိုသာမက ဇာတ်လမ်း ဇာတ်ကွက် အချိတ်အဆက်နှင့် ဇာတ်ဆောင်တို့၏ စရိုက်သဘာဝနှင့် ကိုက်ညီသော အမူအရာများကို ဖော်ထုတ် ပေးနိုင်ပါသည်။

ခေတ်သစ်ပြဇာတ်များသည် လူ့သဘာဝနှင့် ဒိဋ္ဌဓမ္မလောက သဘာဝများကို ထင်ဟပ်ပြီး ရေးသားလေ့ရှိသဖြင့် ပြောစကားများ၏ အခန်းကဏ္ဍသည် ပိုမို အရေးပါသည့် နေရာတွင် ရပ်တည်နေပါသည်။ ပြောစကားအမျိုးမျိုး၏အောက်တွင် ဇာတ်လမ်းဖြစ်စဉ် ရွေ့လျားနေသကဲ့သို့ ဇာတ်ဆောင်သဘာဝ နောက်ခံမြင်ကွင်း အခြေအနေများလည်း ပေါ်လွင်လျက်ရှိနေသည်။

သခင်ဘသောင်း၏ ခေတ်သစ်ပြဇာတ်များတွင်လည်း ပြဇာတ်ဆိုင်ရာ ပြောစကား အမျိုးမျိုးကို အသုံးပြုပြီး ပြဇာတ်၏ရည်ရွယ်ချက်၊ ဇာတ်လမ်းသဘောနှင့် ဇာတ်ဆောင်စရိုက်များကို ဖန်တီးတင်ပြခဲ့သည်။ "ဆရာဝန်ပါပဲ" ပြဇာတ်သည် လူ့ဘဝ၏ အဆီအငေါ် မတည့်မှုများကို သရော်ဟန်ဖြင့် ရေးသားထားသည့် ပြဇာတ်ဖြစ်သဖြင့် ဇာတ်ဆောင်တို့၏ အချီအချပြောစကား များဖြင့်ပင် ဟာသဆန်သော ဇာတ်ကွက်များ ဖြစ်အောင် ဖန်တီးတင်ပြနိုင်ခဲ့သည်။ အဓိက ဇာတ်ဆောင် မောင်ဖိုးထူး၏ ပြောစကားများဖြင့် ဟာသဆန်သောစရိုက်၊ ဦးတာတေ၏ ငွေမက်ပြီး အသိဉာဏ်ခေါင်းပါးသော စရိုက်များကို ဇာတ်ဆောင်အချင်းချင်း ပြောစကားများ၊ ဇာတ်ခုံညွှန်းစကား များဖြင့် ပေါ်လွင်အောင် ဖန်တီးတင်ပြနိုင်ပါသည်။

"တိုင်းပြည်ရန်သူ" ပြဇာတ်တွင်မူ ရေချိုးဆိပ် မသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာတစ်ရပ်အပေါ် မူတည်ပြီး ဇာတ်ဆောင်တို့၏ အချီအချ ပြောစကားများ၊ ဇာတ်ခုံညွှန်း စကားများဖြင့် ဇာတ်လမ်းဇာတ်ကွက်ဆင် ဖန်တီးပြ ထားသည်။ ဇာတ်ပန္နက်၊ ဇာတ်တက်၊ ဇာတ်ထွတ်၊

---

[၁] ယင်း၊ ၂၀၅။

ဇာတ်ဆင်း စသောဇာတ်လမ်း အင်္ဂါရပ် အပြည့်အစုံကို ပြောစကား အမျိုးမျိုးဖြင့် ဖော်ထုတ်ပြထား နိုင်သော နိုင်ငံရေးအသိပညာပေး ပြဇာတ်တစ်ပုဒ် ဖြစ်ပါသည်။

တိုင်းပြည်ရန်သူပြဇာတ်တွင် အဓိကဇာတ်ဆောင် ဒေါက်တာဂုံမင်း၏ အမှန်တရားကို မြတ်နိုးသောစရိုက်၊ မြို့တော်ဝန် ဦးရန်ဝေး၏ ကိုယ်ကျိုးကြည့် သောစရိုက်၊ ပြည်သူ့တမန် သတင်းစာ ဦးဘိုးထယ်နှင့် ဦးချစ်ခတို့၏ အခွင့်သာသည့်ဘက် ယိမ်းတတ်သော စရိုက်သဘာဝများကို ဇာတ်ဆောင်တို့၏ ပြောစကားများ၊ ဇာတ်ခုံညွှန်း စကားများဖြင့် ပေါ်လွင်အောင် တင်ပြနိုင်ခဲ့ပါသည်။

ဤသို့ဖြင့် သခင်ဘသောင်း၏ ခေတ်သစ်ပြဇာတ် နှစ်ပုဒ်ဖြစ်သော ဆရာဝန်ပါပဲနှင့် တိုင်းပြည်ရန်သူ ပြဇာတ်တို့တွင် ဇာတ်လမ်းနှင့် ဇာတ်ဆောင်ဖန်တီးမှုများ ပြုလုပ်ရန် ပြဇာတ်စာပေ သဘာဝအတိုင်း ပြောစကားများကို အဓိက အသုံးပြုပြီး ဖန်တီးထားကြောင်း တွေ့ရပါသည်။

## နိဂုံး

သခင်ဘသောင်း၏ ပြဇာတ်များမှ ဇာတ်လမ်းနှင့် ဇာတ်ဆောင် ဖန်တီးမှုတွင် တွေ့ရသော အပြောအခန်းကဏ္ဍ အရေးပါပုံကို ပြဇာတ်ဆိုင်ရာ ပြောစကားပုံစံ အမျိုးမျိုးဖြင့် ဖော်ထုတ် လေ့လာခဲ့ပါသည်။ သခင်ဘသောင်း၏ ပြဇာတ်များသည် အစောဆုံး ပေါ်ပေါက်ခဲ့သည့် မြန်မာ့ ခေတ်သစ်အမျိုး ပြဇာတ်များဖြစ်သော်လည်း မြန်မာ့လူ့ဘောင်၊ မြန်မာ့လူနေမှုသဘာဝနှင့် ဆီလျော်အောင် ဖန်တီးရေးသားနိုင်ပါသည်။ အထူးသဖြင့် ပြဇာတ်တွင်ပါဝင်နေသည့် ပြောစကား များသည် မြန်မာပြဇာတ် ပုံစံတစ်ခုအဖြစ် ရပ်တည် နိုင်အောင် ဖန်တီးထားနိုင်ကြောင်း တွေ့ရပါသည်။ ခေတ်သစ်မြန်မာ အပြောပြဇာတ်များ ပေါ်ပေါက်နိုင်ရေးအတွက် အထောက်အကူပြုခဲ့သည့် ပြဇာတ် များအဖြစ် သတ်မှတ်နိုင် ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ*** (ပဥ္စမကြိမ်)။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။

ဘသောင်း၊ သခင်။ (၂၀၀၅)။ ***ဆရာဝန်ပါပဲနှင့် အခြားသာသာပြန် ပြဇာတ်များ***။ ရန်ကုန်၊ လောကသစ်စာပေ။

ဘသောင်း၊ သခင်။ (၁၉၆၃)။ ***တိုင်းပြည်ရန်သူပြဇာတ်***။ ရန်ကုန်၊ ဝင်းမော်ဦးစာပေ ဖြန့်ချီရေး။

Kriszner, Laurie G. (1994). Literature, Printed in the United State of America.

Mo bley, Jonnie Patricia, (1998). Dictionary of Theatre and Drama Terms. IUinois, NTC Publishing Group.

Morner, Kathleen and Ralph Rasch. (1998). Dictionary of Literary Terms. Illions, NTC Publishing Group.

# ဂျာနယ်ကျော်မမလေး၏ "မုန်း၍မဟူ"ဝတ္ထုမှ ဇာတ်လမ်းဖန်တီးပုံ

ဒေါက်တာကြည်ကြည်ခိုင်[၁] ၊ ဒေါက်တာဝင်းချို[၂]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဂျာနယ်ကျော်မမလေး၏ ''မုန်း၍မဟူ''ဝတ္ထုမှ ဇာတ်လမ်းဖန်တီးပုံကို စာပေရှုထောင့်မှ စိစစ်လေ့လာတင်ပြထားသည့် သုတေသန စာတမ်းတစ်စောင် ဖြစ်ပါသည်။ ဂျာနယ်ကျော်မမလေး၏ ဝတ္ထုရှည် ဇာတ်လမ်းဖန်တီးမှု အတတ်ပညာများကို လေ့လာဖော်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြုစုပါသည်။ သုတေသနပြု တင်ပြရာ၌ ရန်ကုန်မြို့ ကံ့ကော်ဝတ်ရည်စာပေမှ ထုတ်ဝေသည့် "မုန်း၍မဟူ''ဝတ္ထုရှည်စာအုပ်ကို အလေ့လာခံအဖြစ် သတ်မှတ်ကာ စာပေပညာရှင်များ၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာဆိုင်ရာ အဆိုအမိန့်များနှင့်အညီ ချိန်ထိုးလေ့လာထားပါသည်။ ဤစာတမ်းတွင် စာရေးသူအတ္ထုပ္ပတ္တိအကျဉ်း၊ ဇာတ်လမ်းဖန်တီးမှုသဘော၊ မုန်း၍မဟူ ဝတ္ထု၏ ဇာတ်လမ်းဖန်တီးပုံကို ဇာတ်လမ်းအင်္ဂါရပ်များနှင့်အညီ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်လမ်းဖွင့်ခြင်း၊ ကြောင်းကျိုးချိတ်ဆက်ခြင်း၊ အနုစိတ်ခြယ်မှုန်းခြင်း၊ အားပြိုင်မှုသုံးခြင်း၊ မြုပ်ကွက်သုံးခြင်း၊ တိုက်ဆိုင်မှုဖန်တီး ခြင်း၊ အရိပ်နိမိတ်ပြခြင်း၊ ကြမ္မာဆိုးဝင်ခြင်း၊ ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်း၊ သိလာခြင်း ဟူသည့် အတတ်ပညာများဖြင့် ဇာတ်လမ်းဖန်တီးပုံတို့ကို လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ – အတ္ထုပ္ပတ္တိ၊ ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်လမ်းအင်္ဂါ၊ ဇာတ်လမ်းဖွင့်၊ ကြောင်းကျိုးချိတ်ဆက်၊ အနုစိတ်ခြယ်၊ အားပြိုင်မှု၊ မြုပ်ကွက်၊ တိုက်ဆိုင်မှု၊ အရိပ်နိမိတ်၊ ကြမ္မာဆိုး၊ ရည်ရွယ်ချက်၊ သိလာခြင်း။

## နိဒါန်း

ဝတ္ထုသည် မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သမျှ စာပေများအနက် ယနေ့တိုင် ပရိသတ် လက်ခံနှစ်သက်ဆဲဖြစ်သည့် စာပေတစ်မျိုးဖြစ်ပါသည်။ အမှန်တကယ်ရှိသည့် ဒိဋ္ဌဓမ္မလောကရှိ လူတို့၏ အကြောင်း ခြင်းရာများကို ပုံစံတူပြုထားသည့် လူ့သဘာဝသရုပ်ဖော်စာပေဖြစ်သောကြောင့် လူ့အကြောင်း အဆိုးအကောင်းကို မြင်နိုင်သည်။ သိနိုင်သည်။ အတုယူနိုင်သည်။ ရှောင်ကြဉ်ဖွယ်တွေ့က ရှောင်ကြဉ်နိုင်သည်။ ထို့ကြောင့် ဝတ္ထုသည် လူသားအကျိုးပြုစာပေတစ်ရပ်ဟု ဆိုနိုင်ပါသည်။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ ဝတ္ထုသည် အချစ်နှင့်အိမ်ထောင်ရေးကို အခြေခံသော လူမှုပြုပြင်ရေးဆိုင်ရာ ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဇာတ်အိမ် မကျယ်၊ ဇာတ်ဆောင်မများသော်လည်း ဂျာနယ်ကျော်မမလေး၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ ကျွမ်းကျင်မှုကြောင့် စိတ်ဝင်စားဖွယ်ကောင်းသည့်ဝတ္ထုတစ်ပုဒ်အဖြစ် စာဖတ်သူတို့ရင်၌ စွဲမက်နှစ်သက်ခဲ့ရပါသည်။ လူမှုလောကထဲတွင် အမှန်တကယ် တွေ့ကြုံနိုင်သည့်၊ တွေ့ကြုံနေမြဲဖြစ်သည့် အိမ်ထောင်ရေး၊ မိသားစုရေးဆိုင်ရာ လူမှုကဏ္ဍတစ်ရပ်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်အိမ်ဖွဲ့ဖန်တီးတင်ပြခဲ့သည့် ဂျာနယ်ကျော်

---

[၁] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်
[၂] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ နည်းပညာတက္ကသိုလ်(ဟင်္သာတ)

မမလေး၏ ဝတ္ထုဇာတ်လမ်းဖန်တီးပုံကို ဇာတ်လမ်းအင်္ဂါရပ်များဖြင့်လည်းကောင်း၊ ဇာတ်လမ်းဖန်တီးမှု အတတ် ပညာများဖြင့်လည်းကောင်း ချိန်ထိုး၍ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ ဇာတ်လမ်းဖန်တီးမှုသဘော

ဝတ္ထုတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဟူသော အခြေခံကဏ္ဍ(၃)ခု ပါဝင်သည်။ ဇာတ်လမ်း၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်၌ **"ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာ အစအဆုံး။ ဇာတ်ကြောင်း" (မြန်စာဖွဲ့၊ ၁၉၉၁၊ ၁၃၁)** ဟု ဖွင့်ဆိုထားပါသည်။ ဂျယ်ရမီဟော်သွန် ကမူ "Studying The Novel An Introduction"စာအုပ်၌

> **ဇာတ်လမ်းဆိုသည်မှာ ဖြစ်ရပ်နှင့် လှုပ်ရှားမှုများကို အစီအစဉ်တကျ စီစဉ်ထားမှု ဖြစ်သည် (မိုးမြေ၊ ၂၀၀၉၊ ၂၅)**

ဟု ဆိုပါသည်။ ထို့ကြောင့် ဇာတ်လမ်းသည် စာရေးသူ၏ စိတ်ကူးဖြင့် စနစ်တကျစီစဉ်ထားသော ဖြစ်စဉ်တစ်ရပ် ဖြစ်ပါသည်။ ထိုဖြစ်ရပ်ဖြစ်စဉ်သည် ရိုးစင်းမနေဘဲ စိတ်ဝင်စားဖွယ်ကောင်းသည့်၊ စာဖတ်သူ သိလိုမှု မြင့်မားသည့် ဖြစ်ရပ်တစ်ခု ဖြစ်လာစေရန်မှာ စာရေးသူ၏ ဇာတ်လမ်းဆင် ဖန်တီးနိုင်မှုစွမ်းရည် အပေါ်တွင် တည်မှီနေပါသည်။ စာရေးသူသည် မိမိကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ဒိဋ္ဌလောကလူ့ဘဝ အတွေ့ အကြုံများမှ ကောင်းကွက်၊ ဆိုးကွက်များကို မိမိနည်းတူ စာဖတ်သူတို့ ဆင်ခြင်သတိ ရရှိနိုင်စေရန် ဇာတ်ကွက်ထွင် ဇာတ်လမ်းဆင်လျက် သဘာဝကျအောင် ဖန်တီး ရေးသားနိုင်ရမည် ဖြစ်သည်။ ထိုသဘောကို သူရိယကန္တိက

> **ဝတ္ထုဆိုသည်မှာ စာရေးသူ၏ထိုးထွင်းဉာဏ်ကို အသုံးပြု၍ လောက၏ အခြေအနေ အဖြစ် အပျက် အဆိုးအကောင်း အရှုပ်အထွေးတို့ကို ဆင်ခြင်စဉ်းစားတွေးခေါ်ပြီးလျှင် သဘာဝကျအောင် ရေးသားထား သောစာဖြစ်သည် (၁၉၆၇၊ ၃၁)**

ဟု မိန့်ဆိုခဲ့ပါသည်။ ဝတ္ထုဇာတ်လမ်းဖြစ်ပေါ်လာအောင် ဖန်တီးရသည့် နည်းနာကောင်းများကို ဆရာကြီး ဦးမြင့်ကြည်က

> **ကာလနဲ့ဒေသက ရှေ့ဆုံးကလာတယ်။ ပြီးတော့မှ ဇာတ်ဆောင်တွေရဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု လှုပ်ရှားချက်တွေကနေပြီးတော့ ဇာတ်လမ်းဖြစ်ပေါ်လာတယ် (၁၉၉၈၊ ၆၆)**

ဟုလည်းကောင်း၊

> **အဲဒီ ဇာတ်ဆောင်စရိုက်တွေအရ အကြောင်းနဲ့အကျိုးနဲ့ ဆက်စပ်ပြီးတော့ အချင်းချင်း တုန့်ပြန်ရင်း တုန့်ပြန်ရင်းကနေပြီးတော့ ဇာတ်လမ်းဟာ ဖြစ်ပေါ်လာတယ် (၁၉၉၈၊ ၆၆)**

ဟုလည်းကောင်း ရှင်းပြထားပါသည်။ ဇာတ်လမ်းကို ရွေ့လျားစေသူမှာ ဇာတ်ဆောင်ဖြစ်ပါသည်။ ထိုဇာတ်ဆောင်သည် လူ့သဘာဝစရိုက် ပီပြင်ရမည်ဖြစ်ပြီး ထိုလူ့သဘာစရိုက်တို့အရ ဖြစ်ပေါ်လာ သည့် အကွက်အခင်းတို့ကို ကြောင်းကျိုးချိတ်ဆက်ခြင်း၊ အချင်းချင်း အားပြိုင်စေခြင်းတို့ဖြင့်

ဇာတ်လမ်းဖြစ်ပေါ်လာရခြင်း ဖြစ်ပါ သည်။ ဖြစ်ပျက်နေမှုအခြေအနေ၊ အတက်အကျအပေါ် မူတည်၍ ဇာတ်လမ်းအဆစ်အပိုင်းများကို **"ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း"** ဟူ၍ အပိုင်း(၆)ပိုင်း ခွဲခြားနိုင်ပါသည်။

ဇာတ်လမ်းဆင်ပုံ၊ ဇာတ်လမ်းဖန်တီးပုံနှင့်ပတ်သက်၍ ဆရာဇော်ဂျီက

> **ဇာတ်လမ်းဆင်ခြင်းဟုဆိုရာ၌ စာရေးဆရာသည် စာ၏အာဘော်နှင့် ဆီလျော်အောင် မိမိရွေးယူအသုံးပြုသော အကြောင်းအရာကို အဖြစ်အပျက်အလိုက် အစီအစဉ်ပြု၍ ပန္နက်ချခြင်း၊ အကြောင်းသင့် အကျိုးသင့်ချိတ်ဆက်ခြင်း၊ အရိပ်နိမိတ်ပြခြင်း၊ မြှုပ်ကွက်ထားခြင်း၊ အားပြိုင်မှု ထည့်ခြင်းတို့ဖြင့် စာ၏ပန်းတိုင်ရသသို့ရောက်အောင် စည်းရုံးခြင်းကို ဆိုလိုပါသည် (၁၉၈၄၊ ၂၉၅)**

ဟု မိန့်ဆိုပါသည်။ ဇာတ်လမ်းဖန်တီးရာတွင် ဦးစွာ အကြောင်းအရာ၊ အဖြစ်အပျက်တို့ကို အစီအစဉ်ပြုကာ ဇာတ်ပန္နက်ချရပါသည်။ တစ်နည်းအားဖြင့် ဇာတ်လမ်းဖွင့်ရပါသည်။ ထို့နောက် ဖြစ်ရပ်တို့ကို ကြောင်းကျိုး ချိတ်ဆက်ပေးရသည်။ ဇာတ်လမ်းအရှိန် မြင့်လာအောင် အားပြိုင်မှုများ ဖန်တီးရသည်။ စိတ်ဝင်စားဖွယ် ဇာတ်လမ်းတစ်ပုဒ်ဖြစ်အောင် မြှုပ်ကွက်များ၊ အရိပ်နိမိတ်ပေးခြင်းများ ထည့်သွင်းဖန်တီးရပါသည်။

မမိုးမြေကမူ ဇာတ်လမ်းဖန်တီးရာ၌ စာရေးသူတို့အသုံးပြုသည့် နည်းနာများကို

> **ဇာတ်လမ်းဖန်တီးရာတွင် (၁) အကြောင်းဆက်နည်းကိုသုံးခြင်း၊ (၂) အားပြိုင်မှုကို သုံးခြင်း၊ (၃) အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း၊ (၄) မြှုပ်ကွက်သုံးခြိး၊ (၅) လှည့်ကွက်သုံးခြင်း၊ (၆) တိုက်ဆိုင်မှုကို သုံးခြင်း၊ (၇) တွေ့လွဲဖြစ်ရပ်များကို ဖန်တီးခြင်း စသည့်နည်းနာများကို သုံးလေ့ရှိပါသည် (၁၉၈၄၊ ၂၉၅)**

ဟု ဖော်ပြထားပါသည်။ အနုစိတ်ခြယ်မှုန်းခြင်းဟူသည် ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို မြင်ယောင်၊ ကြားယောင် သတိပြုမိလာစေအောင် အနုစိတ်၊ အသေးစိတ် ခြယ်မှုန်းသရုပ်ဖော်မှုကို ဆိုလိုပါသည်။

ဆရာအောင်သင်း၏ ဝတ္ထုရေးရာဆောင်းပါးများစာအုပ်တွင် ဇာတ်လမ်း၏လက္ခဏာရပ်များကို

> **(၁) ရည်ရွယ်ချက် (စေတနာ) ပြောင်းပြန်ဖြစ်ခြင်း (Reversal of Intention)**
>
> **(၂) သိလာခြင်း (Recognition)**
>
> **(၃) ကြမ္မာဆိုးဝင်ခြင်း(Tragic Incident or Catastrophe)(၂၀၁၇၊ ၁၃))**

ဟူ၍ အချက်(၃)ချက်ဖော်ပြထားသည်။

ပညာရှင်တို့၏ အဆိုအမိန့်များကို တူရာစု၊ မတူရာပေါင်း၍ စိစစ်ကြည့်ပါမည်။ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာများတွင်

(၁) ဇာတ်လမ်းဖွင့်ခြင်း (ဇာတ်ပန္နက်ချခြင်း)

(၂) ကြောင်းကျိုးချိတ်ဆက်ခြင်း

(၃) အနုစိတ်ခြယ်မှုန်းခြင်း

(၄) အားပြိုင်မှုသုံးခြင်း

(၅) မြုပ်ကွက်သုံးခြင်း

(၆) လှည့်ကွက်သုံးခြင်း

(၇) တိုက်ဆိုင်မှုဖန်တီးခြင်း

(၈) အရိပ်နိမိတ်ပြခြင်း

(၉) တော့လွဲဖြစ်ရပ်ဖန်တီးခြင်းများ

(၁၀) ကြမ္မာဆိုးဝင်ခြင်း

(၁၁) ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်း

(၁၂) သိလာခြင်း

ဟူသည့် အချက်(၁၂)ချက်ပါဝင်ကြောင်း တွေ့ရသည်။ ဝတ္ထုတစ်ပုဒ် ဇာတ်လမ်းဖန်တီးရာတွင် ဤဇာတ်လမ်း ဆင်မှုဆိုင်ရာ နည်းနာများကို လိုအပ်သလို အသုံးပြုကာ ဖန်တီးရေးသားရပါသည်။

## ၂။ မုန်းရှ၍မဟူဝတ္ထုမှ ဇာတ်လမ်းဖန်တီးပုံ

မုန်းရှ၍မဟူဝတ္ထုသည် ၁၉၅၅ ခုနှစ် စာပေဗိမာန်ဆုရ ဝတ္ထုရှည်တစ်ပုဒ် ဖြစ်ပါသည်။ အဓိကဇာတ်ဆောင် ဦးစောဟန်နှင့် ဝေဝေတို့၏ မတူညီသည့် ယဉ်ကျေးမှုနှင့် ခံယူချက်အမြင်တို့ကို အားပြိုင်မှုပြုကာ ဇာတ်လမ်းဆင်ထားသည့် ဇာတ်ဆောင်ပဓာနဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ဇာတ်ဆောင်တို့၏ ကိုယ်၊နှုတ်၊နှလုံး ကံသုံးပါး အမူအရာများကို အနုစိတ်ခြယ်မှုန်းထားနိုင်သဖြင့် ဝတ္ထုပြီးဆုံးသည်နှင့် ဝတ္ထုတွင်းဇာတ်ဆောင်များ၏ အရိပ်သည် ပရိသတ်၏ ရင်၌ စွဲထင်ကျန်ရစ်ခဲ့သည်။ သို့သော် ဇာတ်ဆောင်ကို အနုစိတ်ခြယ်မှုန်းထားရုံမျှဖြင့် ဝတ္ထု ကောင်းတစ်ပုဒ် ဖြစ်လာခြင်း မဟုတ်ပေ။ ဇာတ်လမ်းဆင်မှု မပါဝင်လျှင် ပုဂ္ဂိုလ်အတ္ထုပ္ပတ္တိကို သိရရုံမျှသာ ဖြစ်နေမည် ဖြစ်ပါသည်။ စာရေးသူ၏ ဇာတ်လမ်းဆင်မှု အတတ်ပညာ ထက်မြက်နိုင်နင်းမှုကြောင့်သာလျှင် မကျယ်ပြန့်သော ဇာတ်အိမ်အတွင်း၌ ဇာတ်ခင်းဇာတ်ကွက်တို့ အချိတ်အဆက်မိကာ စိတ်ဝင်စားဖွယ် ဝတ္ထုတစ်ပုဒ် အဖြစ်သို့ ရောက်ရှိလာရခြင်း ဖြစ်ပါသည်။ ထိုသို့ စိတ်ဝင်စားဖွယ် ဖန်တီးထားနိုင်သည့် ဂျာနယ်ကျော် မမလေး၏ ဇာတ်လမ်းဖန်တီးပုံကို ဇာတ်လမ်းအင်္ဂါရပ်များ၊ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာများဖြင့် ချိန်ထိုး လေ့လာတင်ပြပါမည်။

မုန်းရှ၍မဟူဝတ္ထု၏ ရည်ရွယ်ချက်မှာ လူမှုဝန်းကျင်နှင့် ဓလေ့စရိုက်ချင်း မတူညီသော ဘဝနှစ်ခုတို့ အိမ်ထောက်ဖက်အဖြစ် ဆုံစည်းမိလျှင် အဆင်မပြေမှုများ၊ အခက်အခဲများ၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရလေ့ ရှိကြောင်း သိမြင်စေလိုခြင်းဖြစ်သည်။ စာရေးသူတို့သည် မိမိဦးတည်ထားသော ရည်ရွယ်ချက်သို့ရောက်အောင် **''ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း''**ဟူသော ဇာတ်လမ်းအင်္ဂါရပ်များနှင့်အညီ ဖန်တီးရပါသည်။

**ဇာတ်ပျိုး**

မုန်း၍မဟူဝတ္ထု၏ဇာတ်လမ်းကို ဖန်တီးရာ၌ လူမှုဝန်းကျင်ချင်းကွာခြားသည့် အိမ်နှစ်လုံး၏ အခြေအနေကိုပြ၍ **"ဇာတ်ပျိုးပိုင်း"**ကို ဖန်တီးထားသည်။ ဇာတ်လမ်းတွင်ပါဝင်မည့် ဇာတ်ဆောင်နှစ်ဦး၏ ယဉ်ကျေးမှု အခြေအနေ ချင်း မတူညီမှုကို ပြကာ ဇာတ်ပျိုးထားသဖြင့် ဇာတ်လမ်း၏ အခြေခံကို စာဖတ်သူတို့ ခိုင်မာစွာ သိမြင်ခွင့် ရရှိလာစေပါသည်။ ထိုဆန့်ကျင်ဘက်အခြေအနေ၊ အသိုင်းအဝိုင်း နှစ်ရပ်ကို အားပြိုင်မှုပြုကာ ဇာတ်လမ်းဆင် တော့မည်ဟုလည်း ခန့်မှန်းမိစေသည်။ ဤဇာတ်ပျိုး၏ ဇာတ်လမ်းဖွင့်ပုံကို စာရေးသူက

> **ညှော်ခန်းထဲ၌ မီးခိုးရောင် ကောဖေ့ကြီးခင်းကာ ဆိုဖာကုလားထိုင် ပြာမှိုင်းမှိုင်းများ ဝိုင်းချထားသည် (၂၀၁၇၊ ၂၅)**

စသော ဘိုတစ်ဦး လာရောက်နေထိုင်မည့် အိမ်၏ အခင်းအကျင်းပြကွက်ဖြင့်လည်းကောင်း၊

> **ကျောက်စားပွဲပေါ်၌ ငွေဖလားစုံ နီးကွမ်းအစ်ကြီးမှာ ကြည့်ရ ရိုင်းသလိုလို ရှိသည် (၂၀၁၇၊ ၂၇)**

စသော ဇာတ်ဆောင်ဝေဝေနေထိုင်သည့် အိမ်၏အခင်းအကျင်းပြကွက်ဖြင့်လည်းကောင်း **"အနုစိတ်ခြယ်မှုန်း နည်း"**ကိုသုံးကာ သရုပ်ဖော်ရေးသားထားသည်။ သူရိယကန္တိ၏ ဝတ္ထုရေးလိုသော်စာအုပ်လာ ဇာတ်လမ်းဖွင့် နည်း (၁၅)မျိုးအနက် **"အရပ်ဒေသကို နောက်ခံကားပြု၍ ဝတ္ထုစပုံ" (၁၉၆၇၊ ၁၃၇)** ကို အသုံးပြုထားသည်။ ဤဇာတ်ပျိုးပိုင်းတွင် ဗိုလ်ဆန်သောအိမ်၌ မျက်နှာဖြူတစ်ဦး လာရောက်နေထိုင်မည်ဟု ဇာတ်ဆောင် အမည်ကို မဖော်ပြဘဲ **"မြှုပ်ကွက်"**ငယ်ကလေးဖြင့် စိတ်ဝင်စားဖွယ် ဖန်တီးထားသည်။

**ဇာတ်နှိုး**

စာဖတ်သူတို့၏သိလိုစိတ်ကို နိုးကြွလာအောင် နှိုးဆွပေးသည့် ဇာတ်လမ်း၏ဒုတိယအဆင့်သည် **"ဇာတ်နှိုးပိုင်း"** ဖြစ်ပါသည်။ ဇာတ်နှိုးပိုင်းတွင် ဗိုလ်ဆန်သောအိမ်၌ လာရောက်နေထိုင်မည့်သူမှာ အသက် (၃၇) နှစ်အရွယ် ဦးစောဟန်ဖြစ်ပုံ၊ ဦးစောဟန်၏ ခမ်းနားစွာ ပြင်ဆင်စားသောက်နေသည်ကို ဝေဝေ အားကျနေမိပုံ၊ ဝေဝေတို့ မိသားစုနှင့် ဦးစောဟန်တို့ ရင်းနှီးသွားပုံတို့ဖြင့် ဖန်တီးထားသည်။ ဓလေ့စရိုက်မတူသည့် ဘဝနှစ်ခုသည် ရှေ့မည်သို့ ပြောင်းလဲလာမည်နည်းဟူသော သိလိုစိတ်ကို နှိုးဆွပေးလိုက်သည့် အပိုင်းပင် ဖြစ်ပါသည်။ ဤအပိုင်းတွင် ဗိုလ်ဆန်သောအိမ်တွင် လာရောက်နေထိုင်မည့်သူမှာ ဦးစောဟန်ဖြစ်ကြောင်း ဖော်ပြကာ ဇာတ်ပျိုးပိုင်းတွင် ထားခဲ့သည့် မြှုပ်ကွက်ငယ်ကလေးကို ပြန်ဖြည်ပေးထားသည်။ မိမိအိမ်ပေါ်မှနေ၍ ဗိုလ်ဆန် သော အိမ်ဘက်သို့ စူးစမ်းကြည့်ရှုရင်း ထိုအိမ်ကြီး၏ အခင်းအကျင်း၊အပြင်အဆင်တို့အပေါ် အားကျနေမိသည့် ဝေဝေ၏အခြေအနေ ပြကွက်သည် ဇာတ်လမ်းတွင် နောင်ဖြစ်လာမည့် **"ဇာတ်အရိပ်နိမိတ်ပြခြင်း"** လည်း ဖြစ်ပါသည်။ ဝေဝေသည် ဦးစောဟန်နှင့် အိမ်ထောင်ကျကာ ထိုအိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

**ဇာတ်တက်**

ဇာတ်လမ်းအပေါ် စာဖတ်သူတို့ သိလိုစိတ်ဖြစ်လာအောင် နှိုးဆွပေးပြီးနောက် ဇာတ်လမ်းအရှိန်ကို မြင့်တင် ပေးလိုက်သောအပိုင်းသည် **"ဇာတ်တက်ပိုင်း"**ဖန်တီးမှု ဖြစ်ပါသည်။ ဝေဝေ၏ဖခင် ဦးဘိုးသိန်း၏ ကျန်းမာရေး အခြေအနေဇာတ်ကွက်၊ ဖခင်၏ စပါးအရောင်းအဝယ်လုပ်ငန်းကို (၁၇)နှစ်အရွယ်နှင့် ဦးစီး လုပ်ကိုင်နေသည့် ဝေဝေ၏အခြေအနေဇာတ်ကွက်၊ ဝေဝေတို့ ညီအစ်မ အစ်ကိုဖြစ်သူ ကိုနေဦး၏ စာကြည့် တိုက်ဖွင့်ပွဲမှအပြန် ဦးစောဟန်အိမ်သို့ ဝင်ရောက်ပုံဇာတ်ကွက်၊ ထားထားက ဦးစောဟန်နှင့်ဝေဝေတို့ကို လက်ထပ်ပေးရန် ဖခင်ဦးဘိုးသိန်းထံ ပြောကြားပုံဇာတ်ကွက်၊ ဦးစောဟန်က ဝေဝေ့ကို လက်ထပ်ခွင့် တောင်းပုံဇာတ်ကွက်၊ လက်ထပ်ပြီးနောက် ဦးစောဟန်၏ ခြယ်လှယ်မှု ခံရပုံဇာတ်ကွက်တို့သည် သိလိုစိတ်ကို တစ်ဆင့်ချင်းမြှင့်တင် ပေးထားသည့် **"ဇာတ်တက်ပိုင်း"**ဖန်တီးမှုများ ဖြစ်ပါသည်။

ဤဇာတ်တိုက်ပိုင်းတွင် ဦးစောဟန်အိမ်မှ ပြန်လာသည့်ညမှာပင် ဦးစောဟန်နှင့်ဝေဝေတို့ ချိန်းတွေ့ ကြသည်ကို အစ်မဖြစ်သူ ထားထား သိသွားခဲ့သည်။ ထားထားက ဖခင်ထံ တစ်ဆင့်ပြောပြ ကာ ဦးစောဟန်နှင့် ဝေဝေတို့ကို လက်ထပ်ပေးရန် ခွင့်တောင်းရာ၌

> **"သမီးရယ်... မိန်းကလေး အရွယ်ရောက်ရင် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆို မဟုတ်လား၊ ဖေဖေလည်း ဒီ(:X)သူငယ့်အကဲကို ရောက်စကတည်းက ခတ်ကြည့်တယ်၊ လူကောင်းလူရိုးပါပဲ။ ဒါပေမဲ့လို့ သူ နေပုံထိုင်ပုံက ဖေဖေတို့နဲ့ ဇာတ်မတူလို့ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေမလား၊ ဝေဝေက နှစ်သက်သလား"(၂၀၁၇၊ ၁၁၉)**

ဟူသော ဦးဘိုးသိန်း၏ ပြောစကားသည် နောက်ပိုင်းဖြစ်လာမည့် ဇာတ်လမ်း အဖြစ်အပျက် တစ်ခုလုံးကို ကြိုတင်အရိပ်ပေးသည့် **"အရိပ်နိမိတ်ပြခြင်း"**တစ်ခု ဖြစ်ပါသည်။ ဦးဘိုးသိန်း စိုးရိမ်သည့် အတိုင်းပင် ဝေဝေသည် ခင်ပွန်းဖြစ်သူ ဦးစောဟန်၏ ဗိုလ်ဇာတ်သွင်း ခြယ်လှယ်စီမံမှုအောက်တွင် ဆင်းရဲသောကကြီးစွာ နေထိုင်ခဲ့ရသည်။ အိမ်ထောင်ရေး အဆင်မပြေမှုများဖြင့်သာ ဘဝနိဂုံးချုပ် ခဲ့ရပါသည်။

ဦးစောဟန်က လက်ထပ်ခွင့်တောင်းသည့်အခါ ဖခင်ကတစ်ဖက်၊ ချစ်သူကတစ်ဖက်ဖြင့် ဝေခွဲမရ ဖြစ်နေသည့် ဝေဝေ၏အဖြစ်ကို

> **"ဖေဖေကတော့ ဝေဝေ့သဘောပဲ၊ ခွင့်ပေးတယ်လို့ မမထား ပြောတာပဲ။ ဝေဝေလေ ကိုနဲ့ လက်ထပ်ချင်ပါတယ်။ ခွဲရမှာ သနားတယ်။ ဘယ့်နှယ်လုပ်မလဲ" (၂၀၁၇၊ ၁၂၉)**

ဟူ၍ တင်ပြထားသည်။ ဒွန်တွဲကာ လွန်ဆွဲနေသည့် သံယောဇဉ်ကြိုးနှစ်ခုဖြင့် **"အားပြိုင်မှု"**ပြုပြီး ဇာတ်လမ်း အပေါ် စိတ်ဝင်စားမှု မြင့်တက်အောင် ဖန်တီးထားခြင်း ဖြစ်ပါသည်။

ဇာတ်တက်ပိုင်းတွင် စာရေးသူ အထူးအလေးပေး ခြယ်မှုန်းသည့်ကဏ္ဍမှာ ဦးစောဟန်၏ ဝေဝေ့အပေါ် အချစ်ကြီး၍ ဂရုစိုက်ပုံများ ဖြစ်ပါသည်။ လက်ထပ်ပြီးချိန်မှစ၍ ဦးစောဟန်၏ စိတ်အလိုကျ နေရ၊ ထိုင်ရ၊ အချစ်ခံရသည့် ဝေဝေ၏ဘဝကို ပုံဖော်ရာ၌

"ချာတိတ်ကလေး ဘယ်ချိန်က ထသွားပါလိမ့်၊ ကိုယ်တစ်ယောက်တည်း ထားပစ် ခဲ့တယ်၊ နိုးတော့လေ မတွေ့ရတော့ တစ်မျိုးကြီးပဲ၊ နောက်ကို တူတူ ထရမယ်နော်"

"ကြက်ဥကို အလျင်သောက်ရမယ်နော်၊ မနက်တိုင်း ဝေ့ကို နှစ်လုံးတိုက်ရမယ်၊ ကြက်ဥသောက်ပြီးမှ ဝေ့ကို ကော်ဖီတိုက်မယ်၊ မုန့်ကျွေးမယ် မှတ်ထားနော်"(၂၀၁၇၊ ၁၃၈)

စသည်ဖြင့် ဦးစောဟန်၏ပြောစကားဖြင့်လည်းကောင်း၊

နံနက် ကိုကိုနှင့်အတူ ထရသည်။ မျက်နှာအတူသစ်ရသည်။ မျက်နှာသစ်ပြီး မှန်ထဲတွင် ဝေဝေက ရှေ့ကထိုက်လျက် ကိုက နောက်ကရပ်လျက် ခေါင်းဖီးကြသည်။ အိမ်အောက် က ငွေမောင်းသံ မကြားမချင်း အခန်းထဲက မထွက်ရ၊ လက်ဖက်ရည် သွားသောက်မည့် နံနက်အဝတ်ကို ရွေးပေးသည့်အတိုင်း ဝတ်လိုက်သည်(၂၀၁၇၊ ၁၄၆)

စသည်ဖြင့် စာရေးသူ၏ ပြောစကားဖြင့်လည်းကောင်း "**အနုစိတ်ခြယ်မှုန်းနည်း**"ဖြင့် ဖန်တီးထားပါသည်။ ထို့ပြင် ဤအပိုင်းသည် အနောက်တိုင်းယဉ်ကျေးမှုကို မြတ်နိုးသည့် ဦးစောဟန်နှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ နေထိုင်လာခဲ့သည့် ဝေဝေတို့၏ သဟဇာတမဖြစ်မှု၊ ပဋိပက္ခဖြစ်မှုတို့ကို ယှဉ်တွဲပုံဖော်ကာ သဘာဝချင်း မတူညီမှုနှစ်ခုကို "**အားပြိုင်မှု**"ပြုထားခြင်းလည်း ဖြစ်သည်။ ဇာတ်လမ်းတစ်ခုလုံးကို ချုပ်ကိုင်ထားသည့် "**ပဓာန အားပြိုင်မှု**"ကြီးပင် ဖြစ်ပါသည်။ ဦးစောဟန်၏အချစ်ကြီးမှု၊ ဂရုစိုက်မှုများသည် ဝေဝေ့အတွက် အချစ်အကျဉ်းခံ ဘဝသို့ တွန်းပို့ခံရသည့် အလား ကျဉ်းကျပ်စွာ ခံစားနေရပုံတို့ကို စာဖတ်သူတို့ပင် ရင်မောမိလာအောင် ဖန်တီး ထားနိုင်သည်။ ယင်းဖန်တီးချက်သည် "**ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်း**"ဖန်တီးမှုတစ်ရပ်ဖြစ်ပါသည်။

ဖခင်ကြီး ရောဂါဖြစ်နေစဉ်က ရောဂါကူးစက်ခံမည်ကို စိုးရိမ်စိတ်ဖြင့် ဖခင်ထံ သွားခွင့်မပြုခဲ့ သကဲ့သို့ ဖခင် အသည်းအသန် ဖြစ်နေကြောင်း သံကြိုးစာရသဖြင့် သွားခွင့်တောင်းသည့်အခါ တွင်လည်း ခွင့်မပြုခဲ့ပေ။ ဤအခြေအနေကိုလည်း စာရေးသူက

"ကို ... ညကျရင် အစ်ကိုကြီးနဲ့ ဝေ လိုက်သွားမယ်နော်"

ဟု ဝေက လှမ်းပြောလိုက်ရသည်။ ဦးစောဟန်မှာ မျက်နှာညိုမည်းသွားကာ အဖြေမပေး တတ်သလောက် ဖြစ်သွားသည်။ မိမိက ဝေ့ကို လွှတ်ရန် ဝတ္တရားရှိမှန်း သိသည်။ ထိုဝတ္တရားကို မျက်နှာလွှဲခြင်းဖြင့် ဝေ့အတွက် ကောင်းစေမလားဟု စိတ်ကူးကြည့်သည်။ တားမြစ်၍ အရုပ်ဆိုးမှာ တစ်ဖက်ကသိလျက် တစ်ဖက်တွင် အသည်းအသန်ဖြစ်နေသော လူနာနားသို့ ဝေ့ကိုပို့ရန် စိုးရိမ်ခြင်းပြင်းစွာ စိတ်မချ ဖြစ်နေသောကြောင့် အဖြေရ ခက် နေပေကသည်။ မိမိအပေါ်တွင် ယုယမြတ်နိုး၍ အချစ်ကြီး ချစ်သည်ဟု ယူဆထားသော ယုံကြည်ချက်သည် ပျက်ပြယ်လုခမန်း ဖြစ်လာသည်။ အင်မတန် ချစ်လွန်း၍ စိုးရိမ်လွန်း ၍ဟု တစ်ဖက်က အောက်မေ့ရမှာကလည်း မျက်စိမှိတ်ပြီး အောက်မေ့ရမှာမျိုးနှင့် တူနေ လေသည် (၂၀၁၇၊ ၁၇၂-၁၇၃)

ဟူ၍ တင်ပြထားပါသည်။ ဇာတ်ဆောင်နှစ်ဦးလုံး၏ ခံစားမှုများကို တစ်ပြိုက်နက်တည်း ဖော်ဆောင်၍ **"အနုစိတ်ခြယ်မှုန်းနည်း"**သုံးကာ ဇာတ်ဆောင်တစ်ဦးချင်းစီ၏ **"စိတ်တွင်းအားပြိုင်မှု"**ကိုပါ ထည့်သွင်း ဖန်တီးထား သည်ကို တွေ့ရသည်။

**ဇာတ်ထွတ်**

ဂျာနယ်ကျော်မမလေးသည် မုန်း၍မဟူဝတ္ထု၏ ဇာတ်လမ်းကို ဖန်တီးရာတွင် ဇာတ်ထွတ်နှစ်ဆင့်ဖြင့် ဇာတ်ရှိန် မြှင့်ခဲ့ပါသည်။ ပထမဇာတ်ထွတ်သည် ဇာတ်ထွတ်ကြီးထက် ဇာတ်ရှိန်အနည်းငယ်နိမ့်သည့် ဇာတ်ထွတ်ငယ် ဖြစ်ပါသည်။ ဖခင် အသည်းအသန်ဖြစ်နေကြောင်း သံကြိုးရသဖြင့် သွားခွင့် တောင်းသော်လည်း ဦးစောဟန်က ဝေဝေ၏ ကျန်းမာရေးအခြေအနေကို စိုးရိမ်ပူပန်ကာ သွားခွင့် မပြုခဲ့ပေ။ နောက်နေ့တွင် ဖခင်ကြီး ကွယ်လွန်သွားပြီဖြစ်ကြောင်း သိလိုက်ရသည့်အခါ ဝေဝေမှာ ယူကျုံးမရ ဖြစ်ခဲ့ရသည်။ ဦးစောဟန်အပေါ် ဝေဝေ မည်သို့ ဆုံးဖြတ်တော့မည်နည်းဟူသည့် စာဖတ်သူတို့၏ သိလိုစိတ်တို့သည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ဤနေရာ၌ စာရေးသူက ဝေဝေ၏အတွေးခံစားချက်ကို

> **ဝေဝေသည် မကျေနိုင် မချမ်းနိုင်ဖြင့် ဘဝအကြောင်းကံကိုသာ ယိုးမယ်ဖွဲ့ကာ ကုသိုလ် ဆိုးလေခြင်းဟု ရင်နာခံသည်။ ဦးစောဟန်အား အပြစ်မတင်၊ ဦးစောဟန်၌ အပြစ်မရှိ၊ ဦးစောဟန်ကို လက်ထပ်ခဲ့သော သူ့ကိုယ်သူသာ အပြစ်တင်၍ မဆုံးနိုင် (၂၀၁၇၊ ၁၇၉)**

ဟူ၍ ဇာတ်ရှိန်တစ်ထစ်လျှော့ကာ ဖန်တီးတင်ပြထားပါသည်။ ဤဇာတ်ကွက်သည် ဝတ္ထု၏ ရည်ရွယ်ချက် အပေါ်လွင်ဆုံး **"ဇာတ်ထွတ်ငယ်"**တစ်ခု ဖြစ်သကဲ့သို့ ဇာတ်လမ်းကို အဆစ်အချိုး ဖြစ်စေသည့် **"သိလာခြင်း"** ဖန်တီးမှုလည်း ဖြစ်ပါသည်။ ဇာတ်ဆောင်တွင် သိလာမှုတစ်ခုကို ပိုင်ဆိုင်ရသည်နှင့် ဇာတ်လမ်းသည်လည်း အလှည့်အပြောင်း ဖြစ်လာမည် ဖြစ်ပါသည်။

ဝေဝေသည် ဖခင်ကြီး ရက်လည်ဆွမ်းသွတ်ပြီးနောက်ရက်တွင် ဦးစောဟန်ထံ မပြန်တော့ဘဲ သီလရှင် ဝတ်နေသော မိခင်ကြီးနှင့် စစ်ကိုင်းသို့ လိုက်သွားခဲ့သည်။ ဤနေရာတွင် စာရေးသူက ဝေဝေ့တွင် ကိုယ်ဝန် ရှိစေခြင်းဖြင့် **"တိုက်ဆိုင်မှု"**ပြုကာ ဝေဝေ့ကို ဦးစောဟန်ထံ မဖြစ်မနေပြန်ရမည့် အခြေအနေ ဖန်တီးခဲ့သည်။

ဦးစောဟန်ထံ ဝေဝေ ပြန်ရောက်လာပြီးမကြာမီ ကိုယ်ဝန်ပျက်ကျခဲ့ခြင်း၊ ဝေဝေ ချောင်းဆိုးရာမှ သွေးပါခဲ့ပြီး အဆုတ်ရောဂါရကာ ဦးစောဟန် စိုးရိမ်သည့်အတိုင်း ဖြစ်လာခဲ့ခြင်း များသည် **"ကြမ္မာဆိုးဝင်ခြင်း"** ဖန်တီးချက်များ ဖြစ်ပါသည်။

**ဇာတ်ဆင်း**

ဝေဝေ၏ ရောဂါအခြေအနေ တစ်စတစ်စ ပိုဆိုးလာပုံကို ပုံဖော်ပြီးနောက် အစ်ကိုဖြစ်သူ ကိုနေဦးကို ဂျပန်များ ဖမ်းသွားသဖြင့် မော်တော်ဆိပ်သို့ လိုက်ကာ သွားတွေ့ခွင့်တောင်းသည့်အခန်းတွင်

**"ကိုရယ်၊ နောက်ဆုံး ခွင့်ပြုလိုက်ပါ၊ တွေ့ရုံလေးပါ၊ နှုတ်ဆက်ရုံလေးပါ။ ဝေ သွားရမှ ကျေနပ်မယ်၊ ဝေ သွားရင်း လမ်းမှာပဲ သေချင် သေပါစေတော့၊ သွားပါရစေ ကို ... သွားပါရစေ၊ နောက်ဆုံးပါ" (၂၀၁၇၊ ၂၈၄)**

ဟူ၍ **"ဇာတ်ထွတ်ပိုင်း"**ကို ရင်နင့်ဖွယ် ခံစားလာအောင် ဖန်တီးထားပါသည်။ ဤဇာတ်ဆောင် ပြောစကားသည် ဇာတ်သိမ်းပိုင်းတွင် ဖြစ်လာမည့် အခြေအနေအတွက် **"အရိပ်နိမိတ်"**ပေးချက် ဖန်တီးမှုတစ်ခုလည်း ဖြစ်သည်။

နောက်သုံးရက်မြောက်နေ့တွင် ဝေဝေ ဒိုင်ယာရီစာအုပ် သွားယူရင်း မူးလဲလေသည်။ ဦးစောဟန် ထိတ်ထိတ်ပျာပျာ ဖြစ်ကာ ဆရာဝန်အမြန်ပင့်၍ ဆေးကုသသော်လည်း ဆေးထိုးနေရင်းပင် ဝေဝေ ဆုံးပါးသွားပုံဖြင့် **"ဇာတ်ဆင်းပိုင်း"**ကို ဖန်တီးခဲ့ပါသည်။

**ဇာတ်သိမ်း**

ဂျာနယ်ကျော်မမလေးသည် မုန်း၍မဟူဝတ္ထု၏ ဇာတ်ဆင်းနှင့် ဇာတ်သိမ်းပိုင်းကို တစ်ပြိုင်နက်တည်း ဖန်တီးခဲ့ ပါသည်။ ဆေးကုသနေရင်း ဝေဝေ အသက်ထွက်သွားသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် အိမ်အပြင်၌ သစ်ရွက်များ ကြွေလွင့်နေပုံကိုပြကာ **"ဇာတ်သိမ်း"** ထားပါသည်။ ဂျာနယ်ကျော်မမလေးသည် ဇာတ်လမ်းအစ ဇာတ်ပျိုးပိုင်းမှသည် ဇာတ်လမ်းအဆုံး ဇာတ်သိမ်းပိုင်းအထိ အဖြစ်မပျက်အစဉ်တို့ကို ဇာတ်လမ်းအမျှင်မပြတ် အောင် **"ကြောင်းကျိုးချိတ်ဆက်နည်း"**ကို သုံးကာ စိတ်ဝင်စားဖွယ် ဖန်တီးထားခဲ့ပါသည်။

## ခြုံငုံသုံးသပ်ချက်

စာရေးသူ ဂျာနယ်ကျော်မမလေးသည် မုန်း၍မဟူဝတ္ထုကို ဇာတ်လမ်းဆင်ဖန်တီးရာ၌ ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှုပြုခြင်းနည်းကို ပဓာနထားအသုံးပြုကာ ဇာတ်လမ်းကို ရွှေ့လျားစေကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် ဇာတ်ဆောင်ဦးစောဟန်၏ အနောက်တိုင်း ယဉ်ကျေးမှု မြတ်နိုးကိုးကွယ်ခြင်းနှင့် ဇာတ်ဆောင် ဝေဝေ၏ မြန်မာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် အသားကျနေခြင်းဟူသည့် ဆန့်ကျင်ဘက် စရိုက်နှစ်မျိုး၏ ပဋိပက္ခများကို အားပြိုင်စေခြင်းဖြင့် ဇာတ်လမ်း တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ စာရေးသူ၏ အနုစိတ် ခြယ်မှုန်းခြင်း ကလောင်စွမ်း ထက်မြက်မှုကြောင့် ဇာတ်လမ်းအပေါ် အာရုံစိုက်မှု ပိုမိုအားကောင်းလာစေပါသည်။ ဇာတ်ဆောင်တို့၏ အားပြိုင်မှု ဇာတ်ကွက်များကို အစဉ်တကျ ကြောင်းကျိုးချိတ်ဆက် ဖန်တီးထားနိုင်သဖြင့် ဇာတ်လမ်း အမျှင်မပြတ်စေဘဲ ဇာတ်ရှိန်ကို မြင့်တက်လာစေပါသည်။ ဝတ္ထုရှည်၏ အစိတ်အပိုင်းများ ဖြစ်သော "ဇာတ်ပျိုး၊ ဇာတ်နှီး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်း"ဟူသည့် ဇာတ်လမ်းအင်္ဂါရပ်များနှင့်အညီ ဇာတ်ရှိန် အတက်အကျမှန်မှန်ဖြင့် နှစ်သက်ခံစားဖွယ် ကောင်းလာအောင် ဖန်တီးထားပါသည်။ ထို့ပြင် ဇာတ်လမ်းကို စိတ်ဝင်စားဖွယ် ကောင်းလာအောင်၊ ဇာတ်လမ်းအရှိန် မြင့်တက်လာအောင် ဖန်တီးရာ၌ ဇာတ်လမ်းဖွင့်ခြင်းမှစ၍ မြှုပ်ကွက်သုံးခြင်း၊ တိုက်ဆိုင်မှုဖန်တီးခြင်း၊ အရိပ်နိမိတ်ပြခြင်း၊ ကြမ္မာဆိုးဝင်ခြင်း၊ ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခြင်း၊ သိလာခြင်းဟူသော ဇာတ်လမ်း ဖန်တီးမှုအတတ်ပညာများ အသုံးပြု၍ ဖန်တီးခဲ့သည်ကို တွေ့ရသည်။ ခိုင်မာသော

ဝတ္ထုဦးတည်ချက်ကို ဇာတ်အိမ်ခိုင်ခိုင်၊ ဇာတ်ကွက်ချိတ်ဆက်မှု ပိုင်ပိုင်ဖြင့် ပုံဖော်ဖန်တီးထားနိုင်သည့် ဝတ္ထုတစ်ပုဒ်အဖြစ် လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

မုန်း၍မဟူဝတ္ထု၏ ဇာတ်လမ်းဖန်တီးပုံကို ဇာတ်လမ်းအင်္ဂါရပ်များနှင့်သာမက ဇာတ်လမ်းဖန်တီးမှု အတတ်ပညာ နည်းနာများနှင့်ပါ ချိန်ထိုး၍ လေ့လာဖော်ထုတ်ခဲ့ပါသည်။

## ကျမ်းကိုးစာရင်း


ဂျာနယ်ကျော်မမလေး။ (၂၀၁၇)။ ***မုန်း၍မဟူ***။ ရန်ကုန်မြို့၊ ကံ့ကော်ဝတ်ရည်စာပေ။

ဇော်ဂျီ။ (၁၉၈၄)။ ***သိန်းနှင့်ကျားငှီကာ***။ ရန်ကုန်မြို့၊ မာမာစာပေ။

မိုးမြေ၊ မ။ (၂၀၀၉)။ ***ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည်အတတ်ပညာ***။ ရန်ကုန်မြို့၊ ရွှေကံ့ကော်စာပေ။

မြင့်ကြည်၊ ဦး။ (၁၉၉၈)။ ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည်လေ့လာနည်း၊ ***မြန်မာစာသုတေသနဂျာနယ်***။ အတွဲ-၃၊ အမှတ်-၁။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သူရိယကန္တိ။ (၁၉၆၇)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်မြို့။ လင်းယုန်စာပေဖြန့်ချိရေး။

အောင်သင်း။ (၂၀၁၇)။ ***ဝတ္ထုရေးရာဆောင်းပါးများ***။ ရန်ကုန်မြို့၊ ဗွန်ပွင့်စာအုပ်တိုက်။